# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၉၇)၊ ၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်၊ ၇-၃-၂၀၂၆၊ စနေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး။



ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေး အမှတ်စဉ်(၁/၂၀၂၆)တွင် အမှာစကားပြောကြားစဉ်။

# ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များအနေဖြင့် နိုင်ငံတော်က ခွဲဝေချထားပေးသည့် အသုံးစရိတ်များကို လေလွင့်မှုမရှိစေဘဲ အကျိုးရှိထိရောက်စွာ သုံးစွဲ

## နိုင်ငံတော်၏ အနာဂတ်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး မိမိတို့ ကျရာကဏ္ဍမှ တက်ညီလက်ညီဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

နေပြည်တော် မတ် ၆

ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေး အမှတ်စဉ်(၁/၂၀၂၆)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အတွင်းရေးမှူး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ သီးခြားဖိတ်ကြားထားသည့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသီတာဦး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

စာမျက်နှာ ၃ သို့ ○

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် မတ် ၆

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**လာမည့် စနေ၊ တနင်္ဂနွေအားလပ်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ** နေပြည်တော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းပြီး ရန်ကုန်တိုင်းဒေသကြီးတွင် အများအားဖြင့် သာယာကာ မန္တလေးတိုင်းဒေသကြီးတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

ဝ-ဝ-ဝ-ဝ-ဝ

၂၀၂၆ ခုနှစ်၊ မတ် ၇ ရက်၊ စနေနေ့။

# ဆိုလာစွမ်းရည် စမ်းသပ်စင်တာတည်ထောင်ခြင်း စီမံကိန်းစတင် ဆောင်ရွက်လျက်ရှိ

မဲခေါင်-လန်ချန်း (၂၀၂၅) ဆိုလာနည်းပညာဆိုင်ရာ စံချိန်စံ ညွှန်းသတ်မှတ်ခြင်းနှင့် ဆိုလာစွမ်းရည် စမ်းသပ်စင်တာ တည်ထောင်ခြင်း စီမံကိန်းစတင်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့ ဟူသော အမျိုးသားရေးဆောင်ပုဒ်နှင့်အညီ နိုင်ငံ့သဘာဝပတ်ဝန်းကျင်ကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းနိုင်ရေးနှင့် သာယာဝပြောကာ စဉ်ဆက်မပြတ် ဘက်စုံဖွံ့ဖြိုးသည့် နိုင်ငံ့အနာဂတ်ကောင်းများကို ဖော်ဆောင်နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ ပေါကြွယ်ဝသည့် နေစွမ်းအင်ရင်းမြစ်များမှ ဆိုလာစီမံကိန်းကြီးများနှင့် ဆိုလာအသေး စားစနစ်များဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၊ စက်မှုလုပ်ငန်းများ၊ MSME လုပ်ငန်းများ၏ လျှပ်စစ် ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်လျက်ရှိကြောင်း၊ မြို့ပြ၊ ကျေးလက်မရွေး ဆိုလာစနစ်များ တပ်ဆင်သုံးစွဲမှုများ သိသာစွာ မြင့်တက်လာရာ ဆိုလာနည်းပညာ စံချိန်စံညွှန်းများနှင့် ကိုက်ညီရန် နှင့် အရည်အသွေးပြည့်မီကာ အာမခံချက်ရှိရန်လိုအပ်ကြောင်း၊ အဆိုပါ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးနှင့် ကမ္ဘာနှင့်ရင် ပေါင်တန်းကာ ဆိုလာစနစ်များကို ပြည်သူများ ပိုမိုအကျိုးရှိ ထိရောက်စွာသုံးစွဲနိုင်ရေး ယခု မဲခေါင်-လန်ချန်း စီမံကိန်းဖြင့် တည်ထောင်မည့် ဆိုလာစွမ်းရည်မြှင့်တင်ရေးဆိုင်ရာ စမ်းသပ်စင်တာ သည် အုတ်မြစ်ကောင်းတစ်ခုပင်ဖြစ်ကြောင်း သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက မတ် ၄ ရက်နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ Hybrid စနစ်ဖြင့်ကျင်းပသည့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေစီမံကိန်း (၂၀၂၅)ဖြင့် ပူးပေါင်းဆောင်ရွက်သည့် Establishing Myanmars Solar PV Industry Technical Standards and Solar PV Testing Center စီမံကိန်းစတင်ခြင်း အခမ်းအနား၌ ပြောကြားသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံမှူးကြီး ဒေါက်တာကျန်း ကျိဟုန်က အမှာစကား ပြောကြားပြီး မဲခေါင်-လန်ချန်း ပူးပေါင်း ဆောင်ရွက်မှု ညှိနှိုင်းကွပ်ကဲရေးအဖွဲ့(မြန်မာ)ဒုတိယဥက္ကဋ္ဌ နိုင်ငံခြား ရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ သုတေသနနှင့် တီထွင် ဆန်းသစ်မှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စီမံကိန်းဆိုင်ရာ မိတ်ဆက်ပြောကြားပြီး ပြည့်ဖြိုးမြဲစွမ်းအင်နှင့် အီလက်ထရောနစ် နည်းပညာသုတေသနဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က စီမံကိန်း ဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ နိုင်ငံတကာ ပညာရှင်များက သက်ဆိုင်ရာ ခေါင်းစဉ်များအလိုက် ဆွေးနွေးတင် ပြကြသည်။

နိုင်ငံတော်ရှိ ဆိုလာလုပ်ငန်းများအတွက် နည်းပညာ စံချိန်စံညွှန်း များ သတ်မှတ်ခြင်း၊ ဆိုလာစွမ်းရည်စမ်းသပ်စင်တာတည်ထောင် ခြင်း၊ ဆိုလာ Stakeholders များအားလုံး၏ နည်းပညာကျွမ်း ကျင်မှုကို မြှင့်တင်ပေးခြင်း၊ နိုင်ငံ့ဆိုလာစီမံကိန်းများအတွက် အထောက်အကူပြုခြင်းအပြင် မဲခေါင်ဒေသတွင်း နိုင်ငံများ၏ ဆိုလာစီမံကိန်းများတွင် အကျိုးရှိရှိ အသုံးချနိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများကို အစမ်း ခန့်ကာလ ( ၁ ) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (၁) ဒေါက်တာ သန့်စင်အေး | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၂) ဒေါက်တာ မြသန္တာ | ပါမောက္ခချုပ်<br>မိတ္ထီလာစီးပွားရေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

# မတ္တရာမြို့နယ်အတွင်း စိုက်ပျိုးထားရှိသည့် ဆောင်းဆီထွက်သီးနှံများ အောင်မြင်ဖြစ်ထွန်းရိတ်သိမ်းလျက်ရှိ



**မတ္တရာ မတ် ၆**

ပြည်ပမှ စားအုန်းဆီတင် သွင်းမှုကို လျှော့ချနိုင်ရေး၊ သန့် ရှင်းလတ်ဆတ်ကာ ကျန်းမာရေး နှင့် ညီညွတ်ပြီး ဈေးနှုန်းသက်သာ သည့် ပြည်တွင်းမှ ထွက်ရှိသော သီးနှံများ ကြိတ်ခွဲရရှိသည့် ဆီများကို ပြည်သူများ စားသုံးနိုင် ရေးအတွက်ရည်ရွယ်ပြီး မန္တလေး တိုင်းဒေသကြီး မတ္တရာမြို့နယ် အတွင်း စိုက်ပျိုးထားရှိသည့် ဆောင်း ဆီထွက်သီးနှံများ အောင် မြင်ဖြစ်ထွန်းလျက်ရှိပြီး လက်ရှိ အချိန်တွင် ရိတ်သိမ်းလျက်ရှိ သည်။

ရေမြေ၊ ရာသီဥတုကောင်း မွန်သည့် မတ္တရာမြို့နယ်အတွင်း ဆောင်းဆီထွက်သီးနှံများဖြစ်သော မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်း၊ ဆီမုန်ညှင်းစသည့် သီးနှံများ စုစု ပေါင်း စိုက်ဧက (၂၃၀၀၀)ကျော် စိုက်ပျိုးနိုင်ခဲ့ရာ အောင်မြင်ဖြစ် ထွန်းမှုရှိခဲ့ပြီး လက်ရှိအချိန်တွင် ရိတ်သိမ်းလျက်ရှိရာ မြေပြင်တွင် (၂၅)ရာခိုင်နှုန်း ရိတ်သိမ်းရန် ကျန်ရှိနေသေးကြောင်း မတ္တရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်မြတ်သီတာ က ပြောကြားသည်။

"နှစ်စဉ် မြေပဲတစ်ဧက(၆၅) တင်းကျော်ထွက်ရှိပြီး GAP နည်း စနစ်နဲ့စိုက်ပျိုးတဲ့ မြေပဲစိုက်ဧက များဆိုရင် တစ်ဧကကိုတင်း(၇၀) ကျော်တချို့ဆိုရင် တင်း(၁၀၀)နီး ပါးထွက်ရှိကာ နှမ်းတစ်ဧကကို (၁၂)တင်းကျော်ထွက်ရှိပါတယ်။ နေကြာတစ်ဧကကို တင်း(၃၀) ကျော်(၄၀)နီးပါးထွက်ရှိပြီး နေ ကြာများကို သီးထပ်သီးညှပ် အဖြစ်စိုက်ပျိုးကြတာဖြစ်ပါ တယ်" ဟု ၎င်းကပြောကြား သည်။

အဆိုပါ မတ္တရာမြို့နယ် အတွင်း ဆောင်းဆီထွက်သီးနှံ များဖြစ်သည့် မြေပဲစိုက်ဧက (၁၃၀၀၀)ကျော်၊ နှမ်းစိုက်ဧက (၉၀၀၀)ကျော်၊ နေကြာစိုက် ဧက(၁၀၀၅)ဧက၊ ပန်းနှမ်း(၁၀၅) ဧက၊ ဆီမုန်ညှင်း (၆၁)ဧက စိုက် ပျိုးနိုင်ခဲ့သည်။ စိုက်ပျိုးရေးဦး ဌာနအနေဖြင့် ဆီထွက်သီးနှံ စိုက်ပျိုးသည့် တောင်သူများကို နေကြာမျိုးကောင်းမျိုးသန့်များ ဧက ၁၀၀ အတွက်အခမဲ့ထောက် ပံ့ပေးခဲ့ပြီး၊ မြေပဲသီးနှံအတွက် လည်း သဘာဝမြေဩဇာများကို ထောက်ပံ့ပေးခဲ့သကဲ့သို့ ဆောင်း သီးနှံအောင်မြင်ဖြစ်ထွန်းစေရေး အတွက် ပညာပေးလုပ်ငန်းများ ကိုလည်း ဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၅)

၀-၀-၀-၀-၀

၀-၀-၀

# ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး မတ် ၆**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာ ရေးကော်မတီ၊ စားသုံးသူရေးရာ ဦးစီးဌာန၊ မန္တလေးတိုင်းဒေသ ကြီးကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင် များအသင်း၊ မန္တလေးတိုင်းဒေသ ကြီး ဆီကုန်သည်များနှင့် ဆီ လုပ်ငန်းရှင်များအသင်းတို့ ပူး ပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာ သော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များ တွင် မြို့နယ်အလိုက် ရောင်းချပေး လျက်ရှိရာ ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံ ရပ်ကွက်၊ ၂၇ လမ်း၊ ၇၁ လမ်းနှင့် ၇၂ လမ်းကြားနှင့် အမရပူရမြို့ နယ်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ ပန်းပဲတန်းရပ်၊ တောင်မြို့ဆေးရုံ မြောက်ဘက်၊ မဟာဂန္ဓာရုံ အနောက်ဘက်တို့တွင် ရောင်းချ ပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို စနေ ၊ တနင်္ဂနွေ ရုံးပိတ်ရက်များတွင် ရပ်နားထားပြီး ရုံးဖွင့်ရက်များတွင် ပုံမှန်အတိုင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေ မှုအစီအစဉ်ကို မန္တလေးတိုင်း ဒေသကြီးအစိုးရအဖွဲ့ စီးပွားရေး ရာဝန်ကြီး ဦးသိန်းငွေနှင့် တာဝန် ရှိသူများ ဈေးနှင့် သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိ သူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူ ရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေး လျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

(အောက်ပုံ)




မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ ၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# မိမိတို့နိုင်ငံအနေဖြင့် ပညာကိုအခြေခံသည့်လူသားအရင်းအမြစ်များကို တိုးတက်အောင်ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး နိုင်ငံ၏အနာဂတ် ကောင်းမွန်စေရန်အတွက် ပညာရေးကဏ္ဍကို မြှင့်တင်ပေးရန် လိုအပ်မည်

**★ နိုင်ငံတော်အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး၊ MSMEs လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိ**

**★ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အဓိကမောင်းနှင်အားဖြစ်သည့် စိုက်ပျိုးရေးကိုအခြေခံသော စက်မှုလုပ်ငန်းများ (Agro-based Industries)ကို တိုးတက်အောင် အဓိကဦးစားပေးဆောင်ရွက်ရမည်ဖြစ်ပြီး အနာဂတ်အတွက် ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development) ပန်းတိုင်များအထိရရှိစေရန်အတွက် အလေးထားဆောင်ရွက်သွားကြရမည်**

**★ နိုင်ငံ့စီးပွားမြှင့်တင်ရေးတွင် စုစုပေါင်းပြည်တွင်းထုတ်ကုန် အမှန်တကယ်တိုးတက်ရေးက အဓိကအရေးပါသည့် လုပ်ဆောင်ချက်ရလဒ်ဖြစ်**

**★ ကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးရေး၊ ပြည်ပပို့ကုန်တိုးမြှင့်ရေး၊ သွင်းကုန်အစားထိုးနိုင်ရေး၊ ပြည်တွင်း၊ ပြည်ပကုန်သွယ်ရေးနှင့် ဝန်ဆောင်မှု၊ အလုပ်အကိုင်များ တိုးမြှင့်နိုင်ရန်အတွက်ကိုလည်း အားပေးဆောင်ရွက်သွားကြရမည်**

○ ရွှေ့ဖုံးမှ

ဦးစွာဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေး(၁/၂၀၂၆)တွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် ရေးဆွဲထားသည့် ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို ဆွေးနွေးအတည်ပြုကြရန်ဖြစ်ကြောင်း။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအနေဖြင့် ဦးတည်ချက် (၄) ရပ်နှင့်အညီ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှစ၍ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း၊ ရွေးကောက်ပွဲများအပြီး လွှတ်တော်အစည်းအဝေးများမှ ရွေးချယ်တာဝန်ပေးလာသည့်အစိုးရကို နိုင်ငံတော် တာဝန်လွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ကောင်းမွန်သည့် ဆောင်ရွက်ချက်များနှင့် အောင်မြင်မှုများကို မျိုးစေ့ချပေးခဲ့ပြီးဖြစ်သည့်အတွက် ဆက်လက်တာဝန်ယူသွားမည့် အစိုးရအနေဖြင့်လည်း လုပ်ငန်းများအရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်နိုင်ရေး ကဏ္ဍအလိုက် ဦးစားပေးအသုံးစရိတ်များကို လျာထားသတ်မှတ်ပေးခဲ့ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ဦးစားပေးကဏ္ဍဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍဆိုင်ရာ အသုံးစရိတ်များ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့် ပြည်ပသွင်းကုန်အစားထိုးနိုင်ရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အသုံးစရိတ်များ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာရေး၊ ကျန်းမာရေးကဏ္ဍဆိုင်ရာ အသုံးစရိတ်များ၊ အခြားကဏ္ဍများတွင် မဖြစ်မနေသုံးစွဲရမည့် အသုံးစရိတ်များနှင့် သဘာဝဘေးအန္တရာယ်နှင့် အခြားဘေးအန္တရာယ်များကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့်ပတ်သက်၍ နိုင်ငံတော်ပိုင် အခြေခံအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရန်၊ အသစ်ဆောက်လုပ်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အသုံးစရိတ်များကိုလိုအပ်ချက်များနှင့်အညီ နိုင်ငံတော်က နှစ်စဉ်ခွင့်ပြုပေးခဲ့သကဲ့သို့ ယခုတွင်လည်း လိုအပ်ချက်များကို စိစစ်လျာထားပေးသွားမည်ဖြစ်ကြောင်း။

ပြည်ထောင်စု ဌာန၊ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရများအနေဖြင့် ခွဲဝေချထားပေးသည့်ရန်ပုံငွေများကို နိုင်ငံတော်အတွက်အကျိုးရှိထိရောက်စွာ သုံးစွဲကြရန်လိုကြောင်း၊ ထို့ကြောင့်လည်း လျာထားလုပ်ငန်းများကို အချိန်မီပြီးစီးအောင်ဆောင်ရွက်ရန်နှင့် လုပ်ငန်းပြီးစီးမှုနှင့် ငွေကြေးသုံးစွဲမှု ဟန်ချက်ညီစေရေး၊ အရည်အသွေးပြည့်မီစေရေး၊ နိုင်ငံတော်ဘဏ္ဍာငွေများကို လေလွင့်ဆုံးရှုံးမှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

ထို့ကြောင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အရအသုံး ခန့်မှန်းခြေ ငွေစာရင်းတွင် နိုင်ငံတော်၏ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များနှင့်အညီ အမှန်တကယ် ဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းများအတွက် ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးနိုင်မည့် ပမာဏကိုသာ သေချာစွာစိစစ်တွက်ချက်ပြီး လျာထားကြရန် အရေးကြီးကြောင်း။

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) ကို ငွေကျပ် ၁၉၅၀၃၂ ဘီလီယံရရှိရန် မျှော်မှန်းထားပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းကိုလည်း ၃ ဒသမ ၄ ရာခိုင်နှုန်း ရရှိရန် မျှော်မှန်းထားကြောင်း၊ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေး အတည်ပြုပေးကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက ပြောကြားရာတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းများကို ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်မှ သတ်မှတ်ချက်များနှင့်အညီ ရေးဆွဲတင်ပြခဲ့ကြပြီး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၊ ကော်မတီများမှ အဆင့်ဆင့် စိစစ်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ရငွေပိုင်းလျာထားချက်များ၊ အသုံးစရိတ်များ၊ သာမန်အသုံးစရိတ်များ၊ ငွေလုံးငွေရင်းအသုံးစရိတ်များ၊ ကြွေးမြီအသုံးစရိတ်များကိုလည်း စနစ်တကျဖြင့် စိစစ်ခွင့်ပြုပေးခဲ့ပါကြောင်း၊ ကြိုတင်မမျှော်မှန်းနိုင်သည့် ကိစ္စရပ်များနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသည့် ကိစ္စရပ်များနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် ထောက်ပံ့ကြေးများချီးမြှင့်ခြင်း၊ နည်းပညာဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခြင်းတို့အတွက်အသုံးစရိတ်များကိုလည်း လျာထားပြီးဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ထောက်ပံ့ငွေအပါအဝင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၎င်းကို အခြေပြု၍ ရေးဆွဲထားသည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်ကသုံးသပ်ပြီး အတည်ပြုထောက်ခံပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်က ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေငွေစာရင်း၊ ၂၀၂၆-၂၀၂၇ ပြည်ထောင်စု၏ အရအသုံးဆိုင်ရာဥပဒေကြမ်းနှင့် ၂၀၂၆ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကြမ်းတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုရှေ့နေချုပ်နှင့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသီတာဦးက ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေ ငွေစာရင်းနှင့် ၂၀၂၆-၂၀၂၇ ပြည်ထောင်စု၏ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့်ပတ်သက်၍ လည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များ၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေ ငွေစာရင်းများနှင့် စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက်အရ အနာဂတ်ကာလတွင် ဆောင်ရွက်သင့်သည့်အချက်များကို လည်းကောင်း အကြံပြုဆွေးနွေးတင်ပြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က အသီးသီး တင်ပြကြသည်။

တင်ပြမှုများနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက မိမိတို့အနေဖြင့်နိုင်ငံ၏ GDP တိုးတက်စေရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၏ အဓိကစီးပွားရေးဖြစ်သည့် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် အခြားစက်မှုကုန်ထုတ်လုပ်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် အမှန်တကယ်အလုပ်လုပ်ကြရန် လိုအပ်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များအနေဖြင့် အလေးထားဆောင်ရွက်သွားကြစေလိုကြောင်း၊ လျာထားခွင့်ပြုငွေများအား လာမည့်အစိုးရအဖွဲ့အနေဖြင့် အမှန်တကယ် အသုံးပြုနိုင်ရန်အတွက် အသေးစိတ်စနစ်တကျ ဆောင်ရွက်သွားကြရန်လိုကြောင်း ဖြည့်စွက်ပြောကြားသည်။

ယင်းနောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယနေ့ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်အစည်းအဝေးတွင် ၂၀၂၆ -၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို ဆွေးနွေးညှိနှိုင်းပြီးဖြစ်ကြောင်း၊ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး၊ MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အဓိကမောင်းနှင်အားဖြစ်သည့် စိုက်ပျိုးရေးကိုအခြေခံသော စက်မှုလုပ်ငန်းများ (Agro-based Industries)ကို တိုးတက်အောင် အဓိကဦးစားပေးဆောင်ရွက်ရမည်ဖြစ်ပြီး အနာဂတ်အတွက် ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development) ပန်းတိုင်များအထိရရှိစေရန်အတွက် အလေးထားဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

နိုင်ငံ့စီးပွားမြှင့်တင်ရေးတွင် စုစုပေါင်းပြည်တွင်းထုတ်ကုန် အမှန်တကယ်တိုးတက်ရေးက အဓိကအရေးပါသည့် လုပ်ဆောင်ချက်ရလဒ်ဖြစ်ကြောင်း၊ ထို့ပြင် ကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးရေး၊ ပြည်ပပို့ကုန်တိုးမြှင့်ရေး၊ သွင်းကုန်အစားထိုးနိုင်ရေး၊ ပြည်တွင်း၊ ပြည်ပကုန်သွယ်ရေးနှင့် ဝန်ဆောင်မှု၊ အလုပ်အကိုင်များ တိုးမြှင့်နိုင်ရန်အတွက်ကိုလည်း အားပေးဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

ခိုင်မာတောင့်တင်းသည့် စီးပွားရေးကို ရရှိပိုင်ဆိုင်နိုင်ရန် ကောင်းမွန်ပြီး အရည်အသွေးပြည့်ဝသည့် ပညာရေးစနစ်သည် အလွန်အရေးကြီးသည့် ကဏ္ဍတစ်ခု ဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ တိုးတက်မှုသည် အဆိုပါနိုင်ငံတွင်ရှိသည့် နိုင်ငံသားများ၏ ပညာအရည်အသွေးပေါ်တွင် တိုက်ရိုက်မူတည်နေခြင်းဖြစ်ကြောင်း၊ ပညာရေးသည် မိမိတို့တိုင်းရင်းသားပြည်သူများ၏ ဝေဖန်ပိုင်းခြားနိုင်စွမ်းကို မြှင့်တင်ပေးပြီး စည်းလုံးညီညွတ်မှုကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ပညာကိုအခြေခံသည့် လူသားအရင်းအမြစ်များ တိုးတက်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး နိုင်ငံ၏အနာဂတ် ကောင်းမွန်စေရန်အတွက် ပညာရေးကဏ္ဍကို မြှင့်တင်ပေးရန် လိုအပ်မည် ဖြစ်ကြောင်း။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အလွန်ပင်အရေးကြီးကြောင်း၊ ထို့ကြောင့်တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေဖြင့် အသိဉာဏ်ပညာဖြင့် သတိတရားကိုလက်ကိုင်ထားပြီး NCA လမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာရပ်တည်ကာ ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် အတူတကွကြိုးပမ်းကြရန် လိုအပ်ကြောင်း၊ ငြိမ်းချမ်းရေးရရှိမှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူများ၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူလူထုနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငြိမ်းချမ်းရေးကိုရရှိအောင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း။

ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံများဖြစ်သည့် လမ်း၊ တံတားများ ကောင်းမွန်ရေး၊ စိုက်ပျိုးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေးတို့ကိုလည်း ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ ထုတ်ကုန်များကို အချိန်တိုအတွင်း သယ်ယူပို့ဆောင်နိုင်မည်ဖြစ်သည့်အတွက် မိသားစုဝင်ငွေတိုးတက်ရရှိပြီး ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်မည် ဖြစ်ကြောင်း။

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များအနေဖြင့် လျာထားချက်ပါရငွေများကို စာမျက်နှာ ၄ သို့ ○

# အစိုးရနှင့် ပြည်သူလူထုများအကြား ယုံကြည်မှုအခိုင်အမာ တည်ဆောက်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အမျိုးသားရေး စရိုက်လက္ခဏာနှင့် အမျိုးသားစိတ်ဓာတ်မြင့်တင်ရေးတို့အတွက် ခိုင်မာတဲ့ ဇွဲ၊ လုံ့လ၊ ဝီရိယများနဲ့ စည်းလုံးညီညွတ်စွာ ဆက်လက်ကြိုးပမ်း



အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားစီမံကိန်းကော်မရှင် (၁/၂၀၂၆) အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် မတ် ၆

အမျိုးသားစီမံကိန်း ကော်မရှင် (၁/၂၀၂၆) အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားစီမံကိန်း ကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားစီမံကိန်း ကော်မရှင်ဒုတိယဥက္ကဋ္ဌ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ အမျိုးသားစီမံကိန်း ကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/တိုင်းဦးစီးအဖွဲ့ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အမျိုးသားစီမံကိန်းကော်မရှင်အစည်းအဝေး အမှတ်စဉ်(၁/၂၀၂၆)တွင် လာမည့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေ ပြဋ္ဌာန်းနိုင်ရေးအတွက် အမျိုးသားစီမံကိန်းဥပဒေ(မူကြမ်း)ကို ဆွေးနွေးညှိနှိုင်း အတည်ပြုကြမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစပြီး ယနေ့ထိ နိုင်ငံတော်ကို အရေးပေါ်ကာလ ပြဋ္ဌာန်းချက်များနှင့် အညီ တာဝန်ယူခဲ့ပြီး နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးကို နည်းလမ်းမျိုးစုံဖြင့် တိုးတက်အောင် ကြိုးပမ်းလျက်ရှိကြကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသည့် ဦးတည်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များနှင့် အညီ တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်ခဲ့သည်မှာ ယခုအခါ ရွေးကောက်ပွဲကို အောင်မြင်ပြီးမြောက်စွာ ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းရယူခဲ့သည့်အချိန်တွင် နိုင်ငံ၏စီးပွားရေး ကျဆင်းနေပြီး အခက်အခဲမျိုးစုံကြားမှ နိုင်ငံအရေးကို ဦးစားပေးပြီး အမျိုးသားရေး မျှော်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို ဦးတည်ပြီး ဆောင်ရွက်ခဲ့ကြောင်း၊ တိုင်းပြည်၏ ကုန်ထုတ်လုပ်မှုတိုးတက်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ကောင်းမွန်စေရန်အတွက် အဓိကအားပေးမြှင့်တင်ပေးသည့်အပြင် လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်ရှိသည့် ကျေးလက်ဒေသစီးပွားရေးတိုးတက်စေရန်အတွက် ဦးစားပေး အလေးထားဆောင်ရွက်ပေးခဲ့ကြောင်း။

မိမိတို့ တာဝန်ယူသည့်ကာလတွင် နိုင်ငံတော် စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များမြှင့်တင်မှုကို အဓိကတွန်းအားပေး မြှင့်တင်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခုအခါ MSME လုပ်ငန်းများသည် ထုတ်ကုန်အရည်အသွေးနှင့်ထုပ်ပိုးမှုပုံစံများသည် ယခင်နှင့်နှိုင်းယှဉ်ပါက အတော်အသင့် တိုးတက်မှုရှိလာသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာတန်းဝင် အရည်အသွေးမြင့် ကုန်ပစ္စည်းများအဆင့် တိုးတက်ရောက်ရှိစေရေးနှင့် ပြည်ပပို့ကုန်အဆင့်အထိ ရောက်ရှိအောင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် လုပ်ငန်းရှင်များ ပူးပေါင်းညှိနှိုင်းပြီး ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ပြည်တွင်း ထုတ်ကုန်များကို ပြည်တွင်းစားသုံးမှု ဖူလုံသည်ထက် ပိုမိုထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပကို တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ပြည်ပက တင်သွင်းမှုများကိုလည်း လျော့နည်းစေမည် ဖြစ်သည့်အတွက် ထုတ်လုပ်မှုကို ဆက်လက်အားပေး မြှင့်တင်သွားရမည်ဖြစ်ကြောင်း၊ သီးနှံအလိုက် ပန်းတိုင်အထွက်နှုန်း တိုးတက်ထွက်ရှိရေး လိုအပ်ချက်များရှိနေသေးသည့်အတွက် နိုင်ငံ့စီးပွားရေးတွင် တိုးတက်သင့်သလောက် မတိုးတက်ဘဲ ဆုံးရှုံးနစ်နာနေမှုများ ဖြစ်ပေါ်နေကြောင်း၊ ထို့ကြောင့်စိုက်ပျိုးရေးတွင် အဓိကလိုအပ်သည့် မျိုး၊ မြေ၊ ရေနှင့် နည်းစနစ်ကောင်းမွန်ရေးကိုလည်း ဆက်လက်တွန်းအားပေးဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လူနှင့်စက်အင်အားအသုံးပြုရသည်များ ရှိသည့်အတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းပညာတိုးတက်သုံးစွဲနိုင်ရေးကို အဓိကတွန်းအားပေးဆောင်ရွက်ရန်လည်း အရေးကြီးကြောင်း၊ ထို့ကြောင့် လက်ရှိထုတ်လုပ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများ၏ ပကတိအခြေအနေကို သုံးသပ်ပြီး အနာဂတ်တွင် တိုးတက်ရန် သမားရိုးကျဆောင်ရွက်ခြင်းထက် ခေတ်နှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မူဝါဒချမှတ်ရာတွင် လိုအပ်သည့် အခြေခံအချက်အလက်များကို ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၏ရလဒ်များမှ မိမိတို့နှင့် သက်ဆိုင်သည့် စာရင်းပိုင်းဆိုင်ရာများကို ရယူရှာဖွေသုံးသပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လူဦးရေမူဝါဒသည် အရေးကြီးသည့်အတွက် တိုးတက်ပြောင်းလဲလာမည့် လူဦးရေပမာဏ၊ အသက်အရွယ်အလိုက် အချိုးအစား၊ လုပ်သားအင်အား၊ ပညာရေး၊ ကျန်းမာရေး စသည့်အချက်အလက်များပေါ် မူတည်ပြီး ပြည်ထောင်စု၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် လိုအပ်သည့်အစီအမံများ ချမှတ်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း။

အစိုးရအနေဖြင့် တိုင်းပြည်၏ ကုန်ထုတ်လုပ်မှု၊ ပညာရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရေးကို ဦးတည်ဆောင်ရွက်နိုင်ရန် ဆောင်ပုဒ်(၃)ရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်ထုတ်လုပ်မှုတိုးတက်ရန်၊ ပညာရေးဖြင့် လူသားအရင်းအမြစ် တိုးတက်စေရန်နှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရန်အတွက် ကဏ္ဍအလိုက် တာဝန်ယူထားသည့် ဌာနများအကြား ပေါင်းစပ်ညှိနှိုင်းမှု၊ ပြည်သူအားလုံး ပါဝင်မှုတို့ဖြင့် ပူးပေါင်းပြီး တိုးတက်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး တိုးတက်ကောင်းမွန်စေရေးနှင့် တည်ငြိမ်အေးချမ်းရေးသည် ပြည်သူအားလုံး၏ လိုလားချက်များပင် ဖြစ်ကြောင်း၊ ရွေးကောက်ပွဲရလဒ်အရ ပေါ်ပေါက်လာမည့် အစိုးရတစ်ရပ်အနေဖြင့်လည်း ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားကြရမည်ဖြစ်သဖြင့် ထိုသို့ဖြည့်ဆည်းနိုင်ရန် ယခုစီမံကိန်းတွင် လမ်းခင်းဆောင်ရွက်ပြီး လွှဲပြောင်းပေးသွားကြရမည်ဖြစ်ကြောင်း။

စာမျက်နှာ ၅ သို့ ✻

❖ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လူနှင့် စက်အင်အားအသုံးပြုရသည်များ ရှိသည့်အတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းပညာတိုးတက်သုံးစွဲနိုင်ရေးကို အဓိကတွန်းအားပေး ဆောင်ရွက်ရန်လည်း အရေးကြီး

❖ လက်ရှိထုတ်လုပ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများ၏ ပကတိအခြေအနေကို သုံးသပ်ပြီး အနာဂတ်တွင် တိုးတက်ရန် သမားရိုးကျဆောင်ရွက်ခြင်းထက် ခေတ်နှင့်အညီ ဆောင်ရွက်ကြရမည်

---

○ စာမျက်နှာ ၃ မှ

အပြည့်အဝရရှိစေရေး အချိန်ကာလပိုင်းခြားသတ်မှတ်ပြီး ရည်မှန်းချက်များချမှတ်ကာ တွန်းအားပေး ကြပ်မတ်ဆောင်ရွက်ပေးကြရန် လိုကြောင်း၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် နိုင်ငံတော်က ခွဲဝေချထားပေးသည့် အသုံးစရိတ်များကို သုံးစွဲရာတွင် ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များကို တိကျစွာလိုက်နာပြီး လေလွင့်မှုမရှိစေဘဲ အကျိုးရှိထိရောက်စွာ သုံးစွဲကြရန် လိုအပ်ကြောင်း။

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် မိမိတို့ တာဝန်ယူသည့်ကာလအတွင်း အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက ချမှတ်ဆောင်ရွက်လျက်ရှိသည့် ဦးတည်ချက်နှင့် ဆောင်ပုဒ်များကို ထိရောက်အောင်မြင်အောင် ပြည့်ပြည့်ဝဝ အကောင်အထည်ဖော်ဆောင်ရွက်ကြရန်၊ နိုင်ငံတော်၏ အနာဂတ်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် မိမိတို့ကျရာကဏ္ဍမှ တက်ညီလက်ညီဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန်၊ ပေါ်ပေါက်လာမည့်အစိုးရသစ်အတွက် အောင်မြင်သည့်ဖွံ့ဖြိုးမှုလမ်းကို စနစ်တကျခင်းပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

✻ စာမျက်နှာ ၄ မှ

မကြာမီကာလတွင် အစိုးရသစ်က နိုင်ငံ့တာဝန်ကို လွှဲပြောင်းယူမည်ဖြစ်သည့်အတွက် မိမိတို့တာဝန်ယူခဲ့သည့် ၂၀၂၁ ခုနှစ်မှစပြီး ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်ပေးခဲ့သည့် လုပ်ငန်းများနှင့် စီမံကိန်းများကို ပြီးပြတ်မှုရှိအောင် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ထို့ပြင် ယခင်ကာလအဆက်ဆက်က ဆောင်ရွက်နေသည့် စီမံကိန်းများ ဆက်လက် အကောင်အထည်ဖော်နေသည်များကိုလည်း စနစ်တကျမှတ်တမ်းများနှင့် လွှဲပြောင်းပေးသွားရမည် ဖြစ်ကြောင်း၊ သတ်မှတ်ထားသည့်အချိန်ကာလများအတိုင်း လုပ်ငန်းပြီးမြောက်အောင် ဆောင်ရွက်နိုင်ရေးကို အားလုံးက ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။

နိုင်ငံ့အနာဂတ်ကောင်းမွန်ရန် ပညာရေးတွင် ခေတ်မီပြီး အရည်အသွေးမြင့်မားသည့် ပညာရေးစနစ်ဖြစ်စေရန် အခြေခံကောင်းများ ချမှတ်ပေးထားပြီး ဖြစ်ကြောင်း၊ အဆိုပါအခြေခံကောင်းများကို လက်ဆင့်ကမ်းထိန်းသိမ်းပြီး ပညာရေးကဏ္ဍတိုးတက်ရန် မြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကျန်းမာရေးတွင်လည်း ဝန်ဆောင်မှုကောင်းများ ရရှိစေရန်နှင့် လိုအပ်သည့်အခြေခံအဆောက်အအုံများ တိုးတက်စေရေး၊ ဆေးဝါးနှင့် စက်ကိရိယာများ ပြည့်စုံစွာရရှိစေရေးနှင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုရရှိရန်ကိုလည်း ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း။


အနာဂတ်တွင် မျိုးဆက်သစ်လူငယ်များကို တိုင်းပြည်တည်ဆောက်ရေးတွင် အကျိုးရှိရှိ ထိထိရောက်ရောက် ပါဝင်ဆောင်ရွက်နိုင်ရေး ဗလငါးတန်ဖွံ့ဖြိုးရေးနှင့် လူငယ်များပါဝင်မှု အခန်းကဏ္ဍမြှင့်တင်ရေးတို့ကိုလည်း လေ့ကျင့်ပျိုးထောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လက်ရှိကာလတွင် သဘာဝပတ်ဝန်းကျင်ယိုယွင်းမှုများသည် ကြိမ်ဖန်များစွာဖြစ်ပွားလာသည့်အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထူးအလေးထားဆောင်ရွက်ရန် အရေးကြီးကြောင်း၊ ရေတိုက်စားမှုနှင့် ရေကြီးနစ်မြုပ်မှုဖြစ်စဉ်များမှ ကာကွယ်နိုင်ရေးတို့အတွက် လိုအပ်သည့်ကြိုတင်စီမံမှုများကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း။

နိုင်ငံတော်၏ လူမှုစီးပွားအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ပြီး ကောင်းမွန်ခိုင်မာအောင် တည်ဆောက်ရာတွင် ကျေးလက်ဒေသများအပါအဝင် မြို့ရွာများ စနစ်တကျနှင့် သန့်ရှင်းသာယာလှပရေး၊ ရေရှည်တိုးတက်စေရေးကို တိုင်းဒေသကြီး၊ ပြည်နယ်များအနေဖြင့် ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ကဏ္ဍအလိုက် တာဝန်ယူထားကြသည့် ဝန်ကြီးဌာနများနှင့် ဒေသအလိုက် တာဝန်ယူထားကြသည့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများကလည်း မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြင်ကျယ်ကျယ်ဖြင့် ပြည်ထောင်စုက ချမှတ်ထားသည့် မူဝါဒများနှင့်အညီ အစွမ်းကုန်ကြိုးပမ်းကြရန် မှာကြားလိုကြောင်း။

ဒေသအသီးသီးတွင် အကြမ်းဖက်ဖြစ်စဉ်နှင့် သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အခြေခံအဆောက်အအုံများ အမြန်ဆုံးပြန်လည်တည်ဆောက်နိုင်ရန် ဒေသအနှံ့ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆက်လက်ဆောင်ရွက်ပေးသွားမည်လည်းဖြစ်ကြောင်း။

အကန့်အသတ်ရှိနေသည့် အရင်းအမြစ်များကို နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် စီမံခန့်ခွဲရာ၌ ပြည်တွင်း၌ရှိသည့် အရင်းအမြစ်မျိုးစုံကို အလေအလွင့်မရှိစေဘဲ အကျိုးရှိရှိ ထိထိရောက်ရောက် အသုံးပြုကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏အသုံးစရိတ်များကို မလိုအပ်ဘဲ သုံးစွဲခြင်းမျိုးမဖြစ်စေရေး ဂရုပြုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စီးပွားရေးတိုးတက်ရုံသာမက အနာဂတ်တွင် ကြံ့ကြံ့ခံနိုင်သည့် မြန်မာ့လူ့အဖွဲ့အစည်းအဖြစ် ရေရှည် ဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက်ကိုလည်း သက်ဆိုင်ရာတာဝန်ရှိသူအားလုံးက ဦးဆောင်ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

ယခုအစည်းအဝေးက အတည်ပြုမည့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းသည် နိုင်ငံတော်တာဝန်လွှဲပြောင်းရယူမည့် အစိုးရအဖွဲ့က သက်ဆိုင်ရာလွှတ်တော်များ၏ သဘောတူညီချက်ဖြင့် အကောင်အထည်ဖော်ကြမည်ဖြစ်ပြီး စီမံကိန်းတွင်ပါဝင်သည့် ကဏ္ဍအလိုက်နှင့် ဒေသအလိုက် စီမံကိန်းရည်မှန်းချက်များကို အောင်မြင်စေရန် အစိုးရနှင့် လွှတ်တော်များအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြမည် ဖြစ်ကြောင်း၊ နောင်ပေါ်ပေါက်လာမည့် လွှတ်တော်များ၊ အစိုးရနှင့်ဌာနများအကြား အပြန်အလှန်ထိန်းကျောင်းမှုများနှင့် လုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် အစိုးရဌာနဆိုင်ရာများအနေဖြင့် ရည်မှန်းချက်များအောင်မြင်ရန်အတွက် အဆင့်ဆင့်တာဝန်ယူကြီးကြပ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။




ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၆)သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြစဉ်။

နိုင်ငံတော်က မျှော်မှန်းထားသည့် ရည်မှန်းချက်ပန်းတိုင်များ ပြီးမြောက်အောင်မြင်ရေး၊ ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာရေး၊ တိုင်းသူပြည်သားများ၏ လူမှုစီးပွားဘဝများ သာယာဝပြောရေးတို့အတွက် ပြည်သူ့ဗဟိုပြုလုပ်ငန်းများကို လူထုနှင့်လက်တွဲပြီး ဆက်လက်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားစီမံကိန်းကော်မရှင်ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြရာတွင် ယနေ့ကျင်းပသည့်အမျိုးသားစီမံကိန်းကော်မရှင်အစည်းအဝေးတွင် အတည်ပြုချက်ရယူမည့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းကို တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန်နှင့် ပြည်သူကို ဗဟိုပြု၍ အားလုံးပါဝင်နိုင်သော ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ရည်ရွယ်ပြီး ရေးဆွဲထားပါကြောင်း၊ နိုင်ငံတော်၏ လမ်းညွှန်ချက် ဦးတည်ချက်များနှင့်အညီ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်နေပြည်သူများ၏ အဓိကအသက်မွေးဝမ်းကျောင်း လုပ်ငန်းနှင့် နိုင်ငံ့စီးပွားရေး၏ အသက်သွေးကြောဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများ တိုးတက်ရေး၊ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်ကုန်ထုတ်လုပ်မှုများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ထိုမှတစ်ဆင့် ပို့ကုန်တိုးမြှင့်နိုင်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာရေးအဆင့်မြှင့်တင်နိုင်ရေးနှင့် လူတိုင်းလက်လှမ်းမီသင်ယူနိုင်သည့် ပညာရေးစနစ်တိုးတက်ဖြစ်ပေါ်ရေး၊ ကျန်းမာရေးဝန်ဆောင်မှု တိုးတက်ရေး၊ လျှပ်စစ်၊ စွမ်းအင်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းနိုင်ရေးတို့အတွက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ထားပါကြောင်း။

အလားတူ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှုများအား ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ၊ အသစ်တည်ဆောက်မည့်လမ်း၊ တံတားလုပ်ငန်းများ၊ သဘာဝဘေးဒဏ်ကာကွယ်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့အတွက်လည်း ခွင့်ပြုပေးထားပြီးဖြစ်ပါကြောင်း၊ လယ်ယာကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ လျှပ်စစ်ကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း လျာထားဆောင်ရွက်လျက်ရှိပါကြောင်း။

စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်သည့်အပြင် ထုတ်လုပ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် ချိတ်ဆက်နေသည့် စီမံကိန်းအသုံးစရိတ်များကိုလည်း စနစ်တကျ ထိရောက်စွာသုံးစွဲနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် လေလွင့်မှုများမဖြစ်စေရေးနှင့် စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုပြီး ပြည်သူများရရှိခံစားနိုင်မည့် လူမှုအကျိုးစီးပွားဖြစ်ထွန်းရေးကို ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် နောင်တာဝန်ယူမည့်အစိုးရသို့ တာဝန်လွှဲပြောင်းရာတွင် စနစ်တကျဖြစ်စေရေး စိစစ်ဆောင်ရွက်ထားရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသားစီမံကိန်းကော်မရှင် အတွင်းရေးမှူး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ၂၀၂၆ ခုနှစ် အမျိုးသားစီမံကိန်း(မူကြမ်း)ရေးဆွဲထားမှု အခြေအနေများနှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေ(မူကြမ်း)ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများက ဘဏ္ဍာနှစ်အလိုက် အမျိုးသားစီမံကိန်းလျာထားမှုနှင့် ဆောင်ရွက်နိုင်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဖြည့်စွက်ပြောကြားရာတွင် ငါးနှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်ပြီး ပို့ကုန်နှင့်ပတ်သက်၍ လယ်ယာသားငါးထုတ်ကုန်များကို အဓိကတင်ပို့လျက်ရှိကြောင်း၊ အခြားတင်ပို့နိုင်သည်များလည်း များစွာရှိပြီး လုပ်ကိုင်နိုင်စွမ်း လျော့နည်းနေသည့်အတွက် ပို့ကုန်အားနည်းနေရခြင်းဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်း ရှိမှသာလျှင်ရောင်းကုန်၊ ပို့ကုန်ပစ္စည်းများရှိမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ထုတ်လုပ်မှုအားနည်းချက်များရှိခြင်း၊ ပန်းတိုင်ရည်မှန်းချက်ပြည့်မီမှု မရှိခြင်းတို့ကြောင့် ပို့ကုန်ပစ္စည်းများ အားနည်းနေရခြင်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံ ဖြတ်ကျော်ခဲ့ရသည့် သမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုပါက အတန်းပညာရေး၊အတတ်ပညာသင်ကြားရေးနှင့်ပတ်သက်၍ အားနည်းချက်များရှိခဲ့သည်ကို တွေ့မြင်ရကြောင်း၊ အတန်းပညာအားနည်းပါက အတတ်ပညာသင်ကြားရေးနှင့်ပတ်သက်၍လည်း အားနည်းချက်များဖြစ်ပေါ်စေနိုင်မည် ဖြစ်ကြောင်း၊ အဆင့်မြင့် အတတ်ပညာများကို သင်ယူရရှိနိုင်ရေး အတန်းပညာမြင့်မားရန်လိုအပ်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏အဓိကလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ပတ်သက်သည့် အတတ်ပညာရှင်များသည်လည်း များစွာလိုအပ်နေဆဲဖြစ်ကြောင်း၊ ယင်းအချက်သည် အမျိုးသားစီမံကိန်းများရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားရမည့်အချက်ဖြစ်ကြောင်း။

စာမျက်နှာ ၆ သို့ ✻

★ နိုင်ငံတော်၏ လူမှုစီးပွားအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ပြီး ကောင်းမွန်ခိုင်မာအောင် တည်ဆောက်ရာတွင် ကျေးလက်ဒေသများအပါအဝင် မြို့ရွာများ စနစ်တကျနှင့် သန့်ရှင်းသာယာလှပရေး၊ ရေရှည်တိုးတက်စေရေးကို တိုင်းဒေသကြီး၊ ပြည်နယ်များ အနေဖြင့် ဆောင်ရွက်ရန် လိုအပ်မည်

★ ကဏ္ဍအလိုက် တာဝန်ယူထားကြသည့် ဝန်ကြီးဌာနများနှင့် ဒေသအလိုက် တာဝန်ယူထားကြသည့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများကလည်း မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြင်ကျယ်ကျယ်ဖြင့် ပြည်ထောင်စုက ချမှတ်ထားသည့်မူဝါဒများနှင့် အညီ အစွမ်းကုန်ကြိုးပမ်း

★ ဒေသအသီးသီးတွင် အကြမ်းဖက်ဖြစ်စဉ်နှင့် သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အခြေခံအဆောက်အအုံများ အမြန်ဆုံးပြန်လည်တည်ဆောက်နိုင်ရန် ဒေသအနှံ့ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆက်လက်ဆောင်ရွက်ပေးသွားမည်လည်းဖြစ်

* စာမျက်နှာ ၅ မှ

မိမိတို့အနေဖြင့် အနာဂတ်လူငယ်လူရွယ်များ စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုဆိုင်ရာ အသိပညာများရရှိစေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအခြေခံ အထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ လက်ရှိတွင် နိုင်ငံ့လူဦးရေ၏ ထက်ဝက်ကျော်ခန့်သည် ကျေးလက်နေသူများဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးကို အဓိကထားလုပ်ကိုင်နေကြသူများဖြစ်ကြောင်း၊ သို့ဖြစ်၍ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမွဲတေမှုလျှော့ချရေးတို့အတွက် နည်းလမ်းမျိုးစုံဖြင့် မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး ဆောင်ရွက်ပေးခြင်းသာမက အမှန်တကယ် အလုပ်လုပ်ကြရန်လည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ထုတ်လုပ်မှုနှင့် သုံးစွဲမှုမမျှတခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်ကြီးမြင့်ခြင်းတို့ကြောင့် ကုန်ဈေးနှုန်းကြီးမြင့်ခြင်းများကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း၊ ဒေသအလိုက် ဒေသတွင်း အခြေခံစားကုန်များ၊ ဟင်းသီးဟင်းရွက်၊ သားငါးနှင့် ဥအမျိုးမျိုးတို့ကို ဖူလုံအောင် အားထုတ်ဆောင်ရွက်ကြမည်ဆိုပါက ကုန်ဈေးနှုန်းကြီးမြင့်မှုများကို လျော့ကျစေနိုင်မည်ဖြစ်သကဲ့သို့ ပိုလျှံသည်များကို ပြင်ပသို့ ရောင်းချခြင်းဖြင့် ဒေသ၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရေး ဒေသတွင်း အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ စီမံခန့်ခွဲပေးခြင်း၊ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းနှင့် အခွင့်အလမ်းများ ဖန်တီးကြရမည်ဖြစ်ကြောင်း၊ ဒေသတစ်ခုချင်းစီမှစ၍ မြို့နယ်အလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အဆင့်ဆင့်ဝမ်းစာဖူလုံမှု မြင့်တက်လာပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်လာစေမည်ဖြစ်ကြောင်း။

ဆီထွက်သီးနှံနှင့် ပတ်သက်၍လည်း နိုင်ငံအတွင်း စားသုံးဆီဖူလုံမှုရှိစေရေး စတင်တာဝန်ယူစဉ် ကတည်းကပင် တွန်းအားပေး ဆောင်ရွက်ခဲ့ကြောင်း၊ သို့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ယခုအချိန်အထိ ပန်းတိုင်ရည်မှန်းချက် ပြည့်မီမှုရှိရန်နှင့် ပြည်တွင်းစားသုံးဆီဖူလုံမှုရှိရန် လိုအပ်နေဆဲဖြစ်ကြောင်း၊ အမျိုးသားစီမံကိန်းကော်မရှင် အနေဖြင့်လည်း စီမံကိန်းများရေးဆွဲရာတွင် ဆီထွက်သီးနှံဖူလုံရေးနှင့် ပတ်သက်၍ ထည့်သွင်းစဉ်းစားဆောင်ရွက်သွားကြရန် ပြောကြားလိုခြင်းဖြစ်ကြောင်း။

လျှပ်စစ်ဓာတ်အား ဖူလုံရေးနှင့် ပတ်သက်၍လည်း ရေအားလျှပ်စစ်စီမံကိန်းများ၊ ဆိုလာလျှပ်စစ်စီမံကိန်းများကို အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယခင်က ချမှတ်ဆောင်ရွက်ခဲ့သည့် ရေအားလျှပ်စစ် စီမံကိန်းများ အကြောင်းအမျိုးမျိုးကြောင့် ဆက်လက်ဆောင်ရွက်နိုင်မှုမရှိခဲ့ခြင်းကြောင့် လက်ရှိအချိန်တွင် လျှပ်စစ်ဓာတ်အား ဖူလုံစွာသုံးစွဲနိုင်မှုမရှိခြင်းဖြစ်ကြောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ ဖူလုံမှုရှိစေရေးအတွက်လည်း အမျိုးသားစီမံကိန်းကော်မရှင်အနေဖြင့် ထည့်သွင်းစဉ်းစား ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် စတင်တာဝန်ယူပြီး ကာလနောက်ပိုင်းတွင် သယ်ယူပို့ဆောင်ရေးနှင့်ပတ်သက်၍ စက်သုံးဆီကားများ၊ ရထားများအစား လျှပ်စစ်ကားများနှင့် လျှပ်စစ်ရထားများ ပြေးဆွဲနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ လက်ရှိအချိန်တွင် EV ကားများ အသုံးပြုနေကြပြီဖြစ်သကဲ့သို့ လျှပ်စစ်စွမ်းအင်သုံး ရထားစက်ခေါင်းများ အသုံးပြု၍လည်း ရထားခရီးစဉ်များ ပြေးဆွဲပေးနိုင်နေပြီဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ကမ္ဘာ့နိုင်ငံရေး အခင်းအကျင်းများကြောင့် ဖြစ်ပေါ်လာသည့် စက်သုံးဆီရှားပါးမှု ဖြစ်ပေါ်လာနိုင်မည့် အခြေအနေတွင် လျှပ်စစ်ကားနှင့် ရထားများ၏ အခန်းကဏ္ဍသည် များစွာတိုးတက်လာစေမည် ဖြစ်ကြောင်း၊ အမျိုးသားစီမံကိန်းကော်မရှင် အနေဖြင့်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အတွက် ရေတို၊ ရေရှည်စီမံကိန်းများ ချမှတ်ရာတွင် ဖြစ်ပေါ်လာနိုင်မည့် အခြေအနေများကို နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ ကာကွယ်ရေးတို့နှင့် ချိန်ထိုးသုံးသပ်စဉ်းစားတွက်ချက်၍ အမြင်ကျယ်ကျယ်ဖြင့် ရေးဆွဲချမှတ်သွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယနေ့အစည်းအဝေး၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းကို ဆွေးနွေးညှိနှိုင်းကြပြီးဖြစ်ကြောင်း၊ ယခုအတည်ပြုခဲ့သည့် အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော်ရာတွင် လွှတ်တော်အသီးသီး၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လွှတ်တော်အသီးသီး၏ သဘောတူညီချက်ဖြင့် အကောင်အထည်ဖော်ရာတွင် အစိုးရ၊ ဌာနများအနေဖြင့် စီမံကိန်းဆိုင်ရာ အင်္ဂါရပ်များနှင့် ညီညွတ်ရန် လိုအပ်မည်ဖြစ်ပြီး အဆင့်ဆင့်ကြီးကြပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ခေတ်ကာလအလိုက် တွေ့ကြုံရသည့် အားနည်းချက်၊ အားသာချက်များကို သင်ခန်းစာယူပြီး လက်တွေ့ကျကျ ပေါင်းစပ်ဆောင်ရွက်နိုင်ရန်၊ ပြည်သူများ၏ လိုအပ်နေသည့် ဖွံ့ဖြိုးမှုရည်မှန်းချက်များ ပြည့်မီစေရန်နှင့် နောင်တာဝန်ယူကြမည့် အစိုးရထံ စနစ်တကျ လွှဲပြောင်းပေးနိုင်ရေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မိမိတို့ တာဝန်ယူခဲ့သည့် ငါးနှစ်ကာလတွင် ထင်သာမြင်သာရှိသည့်တိုးတက်မှုများ ရရှိအောင် ဆောင်ရွက်ပေးခဲ့ကြောင်း၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ မြို့ရွာများ သန့်ရှင်းသာယာလှပရေး၊ မြို့ပြအင်္ဂါရပ်များနှင့် ညီညွတ်မှုရှိစေရေး၊ စွန့်ပစ်အမှိုက် စနစ်တကျစီမံခန့်ခွဲနိုင်ရေးစသည့် နယ်ပယ်များတွင် ပြောင်းလဲတိုးတက်စေရန်ကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ စီးပွားရေးနှင့် ပတ်သက်ပြီး အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းငယ်များ ရှင်သန်ဖွံ့ဖြိုးရေးနှင့် အစဉ်ရေရှည်ရပ်တည်နိုင်ရေး အတွက် လုပ်ငန်းစတင်ချိန်မှစပြီး ဈေးကွက်သို့ရောက်ရှိချိန်ထိ လိုအပ်သည့် နည်းပညာနှင့် ငွေကြေးပံ့ပိုးမှုများကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

သက်မွေးပညာရပ်များ၊ ပညာရေး၊ ကျန်းမာရေး၊ အားကစား၊ လူငယ်များ၏ ဘဝ မြှင့်တင်နိုင်ရေးနှင့် အနာဂတ် နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများတွင် လူငယ်များ အကျိုးရှိစွာပါဝင်ဆောင်ရွက်နိုင်ရေးကို အားပေးမြှင့်တင်ပေးလျက်ရှိကြောင်း၊ မိမိတို့ တာဝန်ယူခဲ့သည့်ကာလအတွင်း မိမိတို့အနေဖြင့် နိုင်ငံတော်အတွက် ဘက်ပေါင်းစုံတွင် အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ပြည်သူများ၏ လိုလားတောင့်တချက်များကို ပြည်တွင်း၌ရှိသည့် အင်အားဖြင့် အတတ်နိုင်ဆုံး ကြိုးပမ်းဖြည့်ဆည်းပေးခဲ့ကြကြောင်း။

ကောင်းမွန်ပြီး အစဉ်ဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်ကိုဖန်တီးနိုင်ရေး စီးပွားရေး အင်အားကောင်းမွန်ရန် ဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် အခက်အခဲအမျိုးမျိုးကြားမှ တာဝန်ယူဆောင်ရွက်ခဲ့ကြရခြင်းဖြစ်သည့်အတွက် လုပ်ငန်းဆောင်ရွက်သည့်နေရာတွင် ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်နိုင်သည်များရှိသကဲ့သို့ ပြည့်မီရန်လိုအပ်သည့်ကိစ္စရပ်များကိုလည်း ပေါင်းစပ်ညှိနှိုင်းပြီး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးခဲ့ကြကြောင်း၊ အစိုးရနှင့် ပြည်သူလူထုများအကြား ယုံကြည်မှု အခိုင်အမာတည်ဆောက်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အမျိုးသားရေး စရိုက်လက္ခဏာနှင့် အမျိုးသားစိတ်ဓာတ် မြှင့်တင်ရေးတို့အတွက် ခိုင်မာသည့် ဖွဲ့၊ လုံ့လ၊ ဝီရိယများနှင့် စည်းလုံးညီညွတ်စွာ ဆက်လက်ကြိုးပမ်းကြရန် လိုအပ်ကြောင်း။

**“စည်းလုံးခြင်းသည် အင်အား၊ ပြည့်အင်အားသည် ပြည်တွင်းမှာသာ ရှိသည်”**ဆိုသည့် ဆိုရိုးစကားများနှင့်အညီ တိုင်းပြည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အချင်းချင်း ဥမကွဲသိုက်မပျက် စည်းလုံးညီညွတ်မှုနှင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ ပြောင်းလဲလာသည့် ကမ္ဘာ့ပထဝီနိုင်ငံရေးနှင့် စီးပွားရေးလမ်းကြောင်းပေါ်တွင် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ရှေးရှုပြီး ဆက်လက်လျှောက်လှမ်းသွားရန်ကိုလည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

အခက်အခဲအမျိုးမျိုးကြားမှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ရှေ့တန်းတင်ပြီး တစ်ထောင့်တစ်နေရာမှ မိမိတို့ကျရာတာဝန်များကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသည့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ နိုင်ငံတော်အပေါ် သစ္စာစောင့်သိကြသည့် ဝန်ထမ်းများနှင့် အလွှာအသီးသီးမှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြသည့် ပြည်သူလူထုများကိုလည်း မှတ်တမ်းတင် ဂုဏ်ပြုသည်ကို ပြောကြားလိုကြောင်း။

ယခုအတည်ပြုပြီး ဥပဒေပြဋ္ဌာန်းတော့မည့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းပါ လုပ်ငန်းများကို လွှတ်တော်များ၏ သဘောတူညီချက်များနှင့်အညီ ရှေ့ဆက်အကောင်အထည်ဖော်ဆောင်ရွက်ကြမည် ဖြစ်သည့်အတွက် ပြည်သူအားလုံး တောင့်တပြီး မျှော်မှန်းထားသည့် ရည်မှန်းချက်များ အောင်မြင်စေရေးနိုင်ငံ့တာဝန်ကို ပခုံးပြောင်းတာဝန်ယူမည့် အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးကြည်ဇင်ထွန်းအား အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

# စွမ်းအင်ဝန်ကြီးဌာနမှ စက်သုံးဆီတင်သွင်းဖြန့်ဖြူးမှုကွင်းဆက်အား စိစစ်ကြပ်မတ်လျက်ရှိ



နေပြည်တော် မတ် ၆

စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းတွင် စက်သုံးဆီ ပြတ်လပ်မှုမရှိစေရေးအတွက် ပြည်ပမှ စက်သုံးဆီများ စဉ်ဆက်မပြတ်ရောက်ရှိစေရေးနှင့် စက်သုံးဆီဆိုင်များတွင် ဆီပြတ်လပ်မှုမရှိစေရေး ဖြည့်တင်းစီမံဆောင်ရွက်ပေးခြင်း၊ ဖြည့်တင်းပေးသည့် စက်သုံးဆီများအား သုံးစွဲသူများသို့ ရောက်ရှိစေရေးအတွက် ဖြည့်တင်းမှု ကွင်းဆက်တစ်လျှောက် စစ်ဆေးကြပ်မတ်ခြင်း၊ စက်သုံးဆီအရောင်းဆိုင်များ၏ လက်ကျန်ဆီအခြေအနေအား ရှောင်တခင်ဝင်ရောက်စစ်ဆေးခြင်းနှင့် သီလဝါရှိ Terminal များမှ စက်သုံးဆီများထုတ်ယူရောက်ရှိမှု အခြေအနေများကို စိစစ်ကြပ်မတ်စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ပြည်သူများအနေဖြင့် မလိုအပ်ဘဲ တန်းစီဝယ်ယူခြင်း မပြုလုပ်ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် စွမ်းအင်ဝန်ကြီးဌာနရှိ ဝန်ထမ်းများနှင့် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များကလည်း စက်သုံးဆီအရောင်းဆိုင်များသို့ စစ်ဆေးကြပ်မတ်လျက်ရှိခြင်းကြောင့် ယနေ့ညနေပိုင်းမှ စတင်၍ စက်သုံးဆီအရောင်းဆိုင်များတွင် တန်းစီဝယ်ယူသည့် ယာဉ်အရေအတွက်များ လျော့နည်းလာကြောင်း တွေ့ရသည်။

### ကူညီဆောင်ရွက်

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် မလိုအပ်ဘဲ တန်းစီဝယ်ယူခြင်း မပြုလုပ်ကြပါရန်နှင့် တန်းစီခြင်းကြောင့် အချိန်ကုန်ပြီး မလိုလားအပ်သော အခက်အခဲများဖြစ်ပေါ်စေနိုင်သောကြောင့် ပူးပေါင်းကူညီဆောင်ရွက်ကြရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။

သတင်းစဉ်

**သစ်တောသစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကို စိုး။**

## အများပြည်သူသို့ အသိပေးကြေညာခြင်း

မြန်မာနိုင်ငံအတွင်းသို့ ကုန်သွယ်ရေးဦးစီးဌာန၏ တင်သွင်းခွင့်ပြုချက်နှင့်အကောက်ခွန်ဦးစီးဌာနတို့တွင် အခွန်များပေးဆောင်၍ တင်သွင်းရောက်ရှိပြီးသော မော်တော်ယာဉ်များသည် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ကနဦးမှတ်ပုံတင်ဆောင်ရွက်ရမည် ဖြစ်သော်လည်း မှတ်ပုံတင်ဆောင်ရွက်ခြင်းမရှိဘဲ နံပါတ်ပြားအတုများ၊ အလှဆင်နံပါတ်ပြားများတပ်ဆင်၍ အသုံးပြုနေသည်ကို တွေ့ရှိရပါသည်။ အဆိုပါ မော်တော်ယာဉ်များသည် တည်ဆဲ ၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေနှင့်အညီ ကနဦး မှတ်ပုံတင်ခြင်းလုပ်ငန်းများကို မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ပါသောကြောင့် ကုန်သွယ်ရေးဦးစီးဌာနမှ ၂၀၁၈ ခုနှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ထုတ်ပေးထားသောယာဉ်များသည် ၃၀-၄-၂၀၂၆ ရက်နေ့ နောက်ဆုံးထား၍လည်းကောင်း၊ ၂၀၁၉ ခုနှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ထုတ်ပေးထားသောယာဉ်များသည် ၃၁-၅-၂၀၂၆ ရက်နေ့ နောက်ဆုံးထား၍လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်အတွင်း တင်သွင်းခွင့်လိုင်စင် ထုတ်ပေးထားသောယာဉ်များသည် ၃၀-၆-၂၀၂၆ ရက်နေ့နောက်ဆုံးထား၍လည်းကောင်း ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများ ပြီးပြတ်အောင်ဆောင်ရွက်ကြရန်၊ သတ်မှတ်ကာလကျော်လွန်ပါက ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်းနှင့် မှတ်ပုံတင်ခြင်းလုပ်ငန်းများ အချိန်မီဆောင်ရွက်ခြင်းမပြုပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

## ပြောင်းလုပ်ငန်းရှင်များသို့ အသိပေးကြေညာချက်

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ထိုင်းနိုင်ငံသို့ ပြောင်းတင်ပို့မည့်လုပ်ငန်းရှင်များ လွယ်ကူချောမွေ့စွာ ပြောင်းတင်ပို့နိုင်ရေး ရည်ရွယ်၍ မြန်မာ-ထိုင်းနှစ်နိုင်ငံအစိုးရချင်း အသိအမှတ်ပြုမည့် **"မီးခိုးမြူကင်းစင်ကြောင်း ထောက်ခံချက်ထုတ်ပေးရေးလုပ်ငန်းမှတ်ပုံတင်ခြင်းဆိုင်ရာ အစိုးရ-ပုဂ္ဂလိကလုပ်ငန်းအဖွဲ့"** ကို ဖွဲ့စည်းဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

၂။ အဆိုပါလုပ်ငန်းအဖွဲ့အနေဖြင့် ထိုင်းနိုင်ငံသို့ တင်ပို့မည့် ပြောင်းများအတွက် မီးခိုးမြူကင်းစင်ကြောင်း ထောက်ခံချက်အား (၃-၃-၂၀၂၆) ရက်နေ့ မှစတင်၍ စိစစ်ခွင့်ပြုထုတ်ပေးလျက်ရှိပါကြောင်းနှင့် ထောက်ခံချက်ထုတ်ပေးခြင်းနှင့်စပ်လျဉ်းသည့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

| ဆက်သွယ်ရမည့်ပုဂ္ဂိုလ် | ဖုန်းနံပါတ်များ |
|---|---|
| (က) ဒေါ်နီလာစိုး၊ လက်ထောက်အတွင်းဝန် (ပြည်ထောင်စုဝန်ကြီးရုံး) | ၀၉ ၅၀၇၀၇၉၂၊ ၀၆၇ ၃၄၀၈၂၄၇ |
| (ခ) ဒေါ်ချိုသက်မူ၊ ညွှန်ကြားရေးမှူး (ကုန်သွယ်ရေးဦးစီးဌာန) | ၀၉ ၅၀၇၀၇၀၈၊ ၀၆၇ ၃၄၀၈၃၁၉ |

**မီးခိုးမြူကင်းစင်ကြောင်း ထောက်ခံချက်ထုတ်ပေးရေးလုပ်ငန်း**
**မှတ်ပုံတင်ခြင်းဆိုင်ရာ အစိုးရ-ပုဂ္ဂလိကလုပ်ငန်းအဖွဲ့**

※ **စာမျက်နှာ ၂၄ မှ**

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ မြန်မာ့လက်ရွေးစင်ကစားသမားများ၊ နည်းပြများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ဆောင်ရွက်ခဲ့သော Grassroots Football Festival လှုပ်ရှားမှု Activities များအား Video File ဖြင့် ပြသသည်။ ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်တို့က အမှာစကားပြောကြားသည်။ ဆက်လက်၍ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA) လူမှုအကျိုးပြုကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က Football For Schools အစီအစဉ်များနှင့်ဘောလုံးများ ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။



ယင်းနောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က FIFA နှင့်ပူးပေါင်း၍ ပညာရေးဝန်ကြီးဌာနသို့ ယူရိုငွေ ၅၁၃၁၂၀ တန်ဖိုးရှိ Adidas အမှတ်တံဆိပ် ဘောလုံး ၄၂၇၆၀ အား လွှဲပြောင်းပေးအပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က လက်ခံရယူပြီး စုပေါင်းအမှတ်တရဓာတ်ပုံရိုက်ကူးသည်။

ထို့နောက်မြန်မာ့လက်ရွေးစင် ကစားသမားများနှင့် ကျောင်းသား ကျောင်းသူများ၏ အပျော်တမ်း Mini Football Game ကစားနေမှုကို ကြည့်ရှုအားပေးသည်။ Football For Schools အစီအစဉ်သည် ကျောင်းသင်ခန်းစာများအပြင် အားကစားကဏ္ဍကို မြှင့်တင်ရန်နှင့် ကလေးငယ်များ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘောလုံးအားကစားကို အသုံးချရန် ရည်ရွယ်ခြင်းဖြစ်သည်။ ယခုကဲ့သို့ ဘောလုံးများ လွှဲပြောင်းပေးအပ်ခြင်းဖြင့် တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ ဘောလုံးအားကစားကို ပိုမိုထိတွေ့ခွင့်ရရှိလာစေရန်နှင့် မျိုးဆက်သစ် အားကစားသမားကောင်းများ ပေါ်ထွက်လာစေရန် မျှော်မှန်းဆောင်ရွက်ခြင်းဖြစ်သည်။ ယခုဘောလုံးများ လွှဲပြောင်းပေးအပ်ပွဲနှင့်အတူ ဘောလုံးအားကစားကို ကျောင်းသင်ရိုးညွှန်းတမ်းများနှင့် မည်သို့ပေါင်းစပ်ဆောင်ရွက်မည်ကို ဆွေးနွေးသည့် Football For Schools Program Workshop Session ကိုလည်း ကျင်းပခဲ့ပြီး သက်ဆိုင်ရာပညာရေးနှင့် ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများက တက်ရောက်ဆွေးနွေးကြသည်။

အသက်(၁၅)နှစ်အောက် တိုင်းဒေသကြီးနှင့် ပြည်နယ် အခြေခံပညာကျောင်းပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်ရာ ယင်းပြိုင်ပွဲအတွက် အသုံးစရိတ်များကို ဧရာဝတီဖောင်ဒေးရှင်းက ကူညီပံ့ပိုးပေးသွားမည်ဖြစ်သည်။

သတင်း-ချစ်ကိုကို
ဓာတ်ပုံ-MFF

## မီးဘေးကြိုတင်ကာကွယ်ရေးစစ်ဆေး

**မန္တလေး မတ် ၆**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မေဃဂီရိရပ်ကွက်၊ ၈၃ လမ်းနှင့် ၈၆လမ်းကြား၊ ၁၈လမ်းနှင့် လမ်း၂၀ကြားရှိ ညောင်ပင်ဈေးအား မတ် ၅ ရက် နံနက် ၁၁ နာရီက ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းမင်းစိုး ဦးဆောင်လျက် အောင်မြေသာစံမြို့နယ်၊ မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဇော်မျိုးထက်နှင့် သန္တေတပ်ဖွဲ့ဝင်ရှစ်ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ငါးဦး၊ ဈေးတာဝန်ခံ ဦးဝဏ္ဏနှင့် ဈေးစည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဝင်များ၊ ဈေးအကျိုးတော်ဆောင်များ၊ မရမ်းခြံဓာတ်အားပေးခွဲရုံမှ ကျွမ်းကျင် ငါးဦးတို့ ပူးပေါင်း၍ ဈေးဆိုင်ခန်းများ မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်များအား ဖြန့်ဝေခြင်းနှင့် 191 REPORT APPLICATION ကို ဈေးသူ၊ ဈေးသားများ အသုံးပြုတတ်စေရေး ကွင်းဆင်းထည့်သွင်းပေးခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။ **(အောက်ပုံ)**

**(၀၇၀)**



## မကွေးတိုင်းဒေသကြီး၌ မှတ်ပုံတင်စိစစ်ဆုံးဖြတ်ရေးအစည်းအဝေး ကျင်းပ

**မကွေး မတ် ၆**

မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူးကျင်းပသည့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ မှတ်ပုံတင်စိစစ်ဆုံးဖြတ်ရေးကော်မတီအစည်းအဝေးကို ယမန်နေ့ နံနက် ၉ နာရီက အဆိုပါတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်က အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးမြှင့်တင်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိက အရေးပါသောအခန်းကဏ္ဍတွင် ပါဝင်လျက်ရှိပြီး နိုင်ငံတော်အစိုးရအနေဖြင့်လည်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။



ဆက်လက်၍ တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန တိုင်းဦးစီးမှူး ဒေါ်စုစုခိုင်က အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းရှင်များမှ လုပ်ငန်းမှတ်ပုံတင်ခွင့်ပြုချထားပေးနိုင်ရေးအတွက် လျှောက်ထားလာမှုအခြေအနေအား Powerpoint ဖြင့် အသေးစိတ်ရှင်းလင်းဆွေးနွေးပြောကြားပြီး တက်ရောက်လာသည့် တိုင်းဒေသကြီးအဆင့် လုပ်ငန်းမှတ်ပုံတင်စိစစ်ဆုံးဖြတ်ရေးကော်မတီဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အစည်းအဝေးတွင် တင်ပြလျှောက်ထားလာသော အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းရှင် ၄၃ ဦး၏ အချက်အလက်များကို သတ်မှတ်စည်းကမ်းချက်များနှင့် အညီ အထောက်အထား အချက်အလက်ပြည့်စုံမှန်ကန်မှု ရှိ/မရှိ စိစစ်၍လုပ်ငန်းမှတ်ပုံတင်ခွင့်ပြုချထားပေးနိုင်ရေး အတည်ပြုဆုံးဖြတ်ဆောင်ရွက်ပေးကြသည်။

### ညှိနှိုင်းဆောင်ရွက်

ယင်းနောက် တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း (ပြန်/ဆက်)**

# မန္တလေးမြို့၊ နန်းမြို့တွင်းရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး



**မန္တလေး မတ် ၆**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ နန်းမြို့တွင်းရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့ နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး လိုက်လံမေးမြန်းအားပေးစကား ပြောကြားပြီး ဆေးရုံတက်လူနာများအား အာဟာရဖြည့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ဝ၃၈)

# ကျွန်တော်နှင့် ----- MESC (အပိုင်း ၅)

**DE ဦးသန်းမြင့်ရေ·······**

မြန်မာနိုင်ငံမှာ လျှပ်စစ်ဓာတ်အားကို ကျွန်တော်တို့သုံးစွဲတဲ့အခါမှာ ကောက်ခံတဲ့နှုန်းထားတွေကို အုပ်စုကြီး(၃) ခုခွဲထားပါတယ်ခင်ဗျာ။ နံပါတ်(၁) ကတော့ အိမ်သုံးအမျိုးအစားဖြစ်ပါတယ်။ အဲ့ဒီအိမ်သုံးအမျိုးအစားတွေမှာ နေအိမ်သုံး၊ power သုံး မီတာတွေမှာ (၁)ယူနစ်ကနေ ၅၀ ယူနစ်အထိ သုံးစွဲခဲ့တယ်ဆိုလို့ရှိရင် (၁)ယူနစ်ကို (၅၀)ကျပ်နှုန်း ကျသင့်မှာဖြစ်ပါတယ်။ (၅၁)ယူနစ်ကနေ (၁၀၀)ယူနစ်အထိ သုံးစွဲခဲ့တယ်ဆိုရင်တော့ (၁)ယူနစ်ကို (၁၀၀)ကျပ်နှုန်းကျသင့်မှာဖြစ်ပါတယ်။ (၁၀၁)ယူနစ်ကနေ (၂၀၀)ယူနစ်အထိ သုံးစွဲခဲ့ရင်တော့ (၁)ယူနစ်ကို (၁၅၀)ကျပ်နှုန်းကျသင့်မှာဖြစ်ပါတယ်ခင်ဗျာ။ (၂၀၁) ယူနစ်နဲ့အထက်ကို သုံးစွဲမယ်ဆိုလို့ ရှိရင်တော့ (၁)ယူနစ်ကို (၃၀၀)ကျပ်နှုန်း ပေးဆောင်ရမှာဖြစ်ပါတယ်ခင်ဗျာ။ ဒီနှုန်းတွေဟာ အရင်တုန်းကတည်းက ကောက်ခံခဲ့တဲ့ နှုန်းတွေဖြစ်ပြီးတော့ လက်ရှိမှာလည်း ကောက်ခံနေတဲ့နှုန်းတွေဖြစ်ပါတယ်။ ဒီနှုန်းထားတွေကို ပြောင်းလဲကောက်ခံဖို့ မရှိပါဘူးခင်ဗျာ။

**DE ဦးသန်းမြင့်ရေ······**

ဒုတိယအမျိုးအစားကတော့ အိမ်သုံးမဟုတ်တဲ့အမျိုးအစားတွေဖြစ်ပါတယ်။ အဲ့ဒီမှာကတော့ စက်မှုလုပ်ငန်းတွေ၊ စီးပွားရေးလုပ်ငန်းတွေ၊ တစ်လုံးတစ်ခဲတည်းလုပ်တဲ့လုပ်ငန်းတွေ၊ ယာယီသုံးတွေ၊ လမ်းမီးတွေ၊ အစိုးရရုံးဌာနအဖွဲ့အစည်းတွေ၊ နိုင်ငံပိုင်စက်မှုလုပ်ငန်းတွေ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေ၊ မြစ်ရေတင်လုပ်ငန်းတွေ၊ စည်ပင်သာယာရုံးဌာနလုပ်ငန်းတွေ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းတွေ၊ နိုင်ငံခြားသံရုံးတွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေ၊ အဲ့ဒီတွေမှာတော့ (၁)ယူနစ်ကနေပြီးတော့ (၅၀၀၀)ယူနစ်အထိဆိုလို့ရှိရင် (၂၅၀)ကျပ်နှုန်း ကောက်ခံမှာဖြစ်ပါတယ်။ (၅၀၀၀)ယူနစ်ကနေ (၂၀၀၀၀)ယူနစ်အထိဆိုရင် (၁)ယူနစ်ကို (၄၀၀)ကျပ်နှုန်း ကောက်ခံမှာဖြစ်ပါတယ်။ (၂၀၀၀၀)ယူနစ်နဲ့အထက်ကိုဆိုရင်တော့ တစ်ယူနစ်ကို (၅၀၀)ကျပ်နှုန်းကောက်ခံမှာဖြစ်ပါတယ်။

ဒီအုပ်စု(၂)မှာဆိုလို့ရှိရင်တော့ ကောက်ခံတဲ့နှုန်းထားတွေက ပြောင်းလဲပြီး ကောက်ခံမှုမရှိပါဘူး။ ဓာတ်အားထုတ်လုပ်မှုနဲ့ ဓာတ်အားဖြန့်ဖြူးမှု နိုင်နင်းခြင်းမရှိတော့လို့ရှိရင်တော့ ဓာတ်အားပြတ်တောက်မှု (load shed) ဆိုတာ ရှိလာနိုင်ပါတယ်ခင်ဗျာ။ စက်မှုဇုန်နဲ့ အထူးစီးပွားရေးဇုန်တွေရဲ့ ပြင်ပတွေမှာ ရှိနေတဲ့ စက်မှုစီးပွားရေးလုပ်ငန်းတွေမှာ ပုံသေဓာတ်အားခက (၁)ယူနစ်လျှင် (၉၀၀)ကျပ် ပေးဆောင်ရပြီးတော့ လျှပ်စစ်ဓာတ်အားကို (၂၄)နာရီ ရယူလိုပါက ဌာနကိုတင်ပြလာလို့ရှိရင် သူတို့ကို (၁)ယူနစ်ကို (၉၀၀)ကျပ်နှုန်းနဲ့ (၂၄)နာရီ မပြတ်အောင် ပေးဆောင်နိုင်မှာပဲ ဖြစ်ပါတယ်။

**DE ဦးသန်းမြင့်ရေ······**

တတိယအုပ်စုကတော့ သီးခြားတိုက်ရိုက်လိုင်းအဖြစ် ဓာတ်အားရယူထားပြီးတော့ ဓာတ်အားပြတ်တောက်မှု လုံးဝမရှိဘဲ (၂၄) နာရီဓာတ်အားရရှိတဲ့ စက်မှုဇုန်တွေ၊ အထူးစီးပွားရေးဇုန်တွေနဲ့ စက်မှုစီးပွားရေးလုပ်ငန်းတွေဆိုရင်တော့ (၁)ယူနစ်ကို (၉၀၀)ကျပ် ကောက်ခံမှာဖြစ်ပါတယ်။ အဲ့ဒီ(၉၀၀)ကျပ် ကောက်ခံတဲ့လုပ်ငန်းတွေကတော့ မီးပြတ်တောက်မှု လုံးဝနည်းပါးစွာနဲ့ပေးမှာဖြစ်တယ် ဆိုတဲ့အကြောင်း တင်ပြအပ်ပါတယ်။

**DE ဦးသန်းမြင့်ရေ·····**

အခုတင်ပြတဲ့အကြောင်းအရာကတော့ အုပ်စု(၃)စုမှာ ပထမအုပ်စုနဲ့ ဒုတိယအုပ်စုကတော့ ယခင်ကတည်းကပေးနေတဲ့ အုပ်စုတွေဖြစ်ပါတယ်။ နှုန်းထားတွေလည်း မပြောင်းလဲပါဘူး။ ထူးခြားတာကတော့ တတိယအုပ်စုဖြစ်ပါတယ်။ တတိယအုပ်စုကတော့ သဘာဝဓာတ်ငွေ့(liquified natural gas) LNG ဓာတ်အားပေးစက်ရုံမှ ထုတ်လုပ်တဲ့ဓာတ်အားကို တိုက်ရိုက်လိုင်းတွေနဲ့ချိတ်ဆက်ပြီးတော့ စက်မှုဇုန်တွေ၊ စီးပွားရေးဇုန်တွေနဲ့ အိမ်သုံးမဟုတ်တဲ့ နှုန်းထားနဲ့ကောက်ခံနေတယ်။ လျှပ်စစ်သုံးစွဲသူများထံ ဓာတ်အားပြတ်တောက်မှု (line fault and system break) မှအပ ဓာတ်အားပြတ်တောက်မှု (load shed)လုံးဝမဖြစ်ဘဲ (၂၄)နာရီဓာတ်အားပေးမှာဖြစ်ပါတယ်။ အဆိုပါဓာတ်အားအတွက် ပုံသေနှုန်းထားကတော့ (၁)ယူနစ်ကို (၉၀၀)ကျပ်နှုန်း ကောက်ခံမယ်ဆိုတဲ့အကြောင်း တင်ပြထားတာဖြစ်ပါတယ်။ စက်မှုဇုန်၊ စီးပွားရေးဇုန်ပြင်ပမှာရှိတဲ့ စက်မှုလုပ်ငန်းတွေ စီးပွားရေးလုပ်ငန်းတွေ၊ ပုဂ္ဂလိကကျောင်းတွေ၊ ပုဂ္ဂလိကဆေးရုံတွေ၊ နောက်တစ်ခါကွန်ဒိုတွေ၊ နောက်တစ်ခါ အထူးအိမ်ရာစနစ် (campus)တွေ၊ အဲ့ဒီဟာတွေကနေပြီးတော့ ပုံသေဓာတ်အားခ(၁)ယူနစ်ကို (၉၀၀)ကျပ်နှုန်းပေးဆောင်ပြီးတော့ လျှပ်စစ်ဓာတ်အားကို (၂၄)နာရီ ရယူလိုကြောင်း တင်ပြလာလို့ရှိရင် ၄င်းတို့ကိုလည်း ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျာ။

**ရွှေဇင်**

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အခွန်ဌာနဆိုင်ရာ ဝက်၊ ဆိတ်၊ အမဲ အသားအသုံးပြုခွင့်နှင့် အခြားလုပ်ငန်းများအတွက် ဒုတိယအကြိမ် လေလံဖွင့်ပွဲ ကျင်းပ

**မန္တလေး မတ် ၆**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနနှင့်ပတ်သက်သော ဝက်၊ ဆိတ်၊ အမဲ၊ အသားအသုံးပြုခွင့်နှင့် အခြားအခွင့်အရေးအရပ်ရပ်ဆိုင်ရာ လေလံလုပ်ငန်းများအတွက် ဒုတိယအကြိမ် အိတ်ပိတ်တင်ဒါခေါ်ယူဆောင်ရွက်ခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရှစ်ထပ်ရုံးအဆောက်အအုံရှိ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားတွင် လေလံကော်မတီဥက္ကဋ္ဌ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးဝင်းမောင်က အဖွင့်အမှာစကားပြောကြားရာတွင် လေလံလုပ်ငန်းများ ဆောင်ရွက်ရာ၌ သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ဆက်လက်၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန ဌာနမှူး ဦးတင်ထွန်းဦးက လေလံစည်းကမ်းချက်များနှင့် ပတ်သက်၍ အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသည့် လေလံလုပ်ငန်း လျှောက်ထားသူများ၏ မရှင်းလင်းသည့် သိရှိလိုသော မေးမြန်းချက်များအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။

ထို့နောက် တာဝန်ရှိသူများနှင့် လျှောက်ထားသူများ၏ ရှေ့မှောက်တွင် တင်သွင်းထားသည့် အိတ်ပိတ်တင်ဒါများကို ဖွင့်ဖောက်စစ်ဆေးပြီး တင်သွင်းလွှာများကို စနစ်တကျ စိစစ်ဆောင်ရွက်ခဲ့ကြရာ စည်းကမ်းချက်နှင့်ပြည့်မီသော လေလံလုပ်ကိုင်ခွင့် လျှောက်ထားသူများအား လုပ်ပိုင်ခွင့်များ ပေးအပ်ခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ လေလံအခမ်းအနားသို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အတွင်းရေးမှူး ဦးဝင်းမောင်၊ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်း၊ ကော်မတီဝင်(၁) ဦးမြင့်ဦး၊ စီမံရေးရာဌာန ဌာနမှူး ဒေါ်စံသာမွန်၊ ဈေးနှင့် သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်၊ အခွန်ဌာနမှူး ဦးတင်ထွန်းဦး၊ ရေနှင့် သန့်ရှင်းမှုဌာန ဌာနမှူး ဦးထွန်းဝင်း၊ စစ်ဆေးရေးဌာန ဌာနမှူး ဦးသန်းထိုက်ဦး၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် လေလံလုပ်ငန်းလုပ်ကိုင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၈)**



# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းမိသားစုများ၏ ၂၀၂၆ ခုနှစ်အတွင်း (ပထမအကြိမ်)ဆွမ်းကပ်အလှူတော်နှင့် ဆွမ်းပဒေသာပင်စိုက်ထူ လှူဒါန်း

**မန္တလေး မတ် ၆**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းမိသားစုများ၏ ၂၀၂၆ ခုနှစ်အတွင်း (ပထမအကြိမ်)ဆွမ်းကပ်အလှူတော် တစ်နေ့တာဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ဆွမ်းပဒေသာပင်စိုက်ထူလှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေး၊ အောင်မြေသာစံမြို့နယ်ရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)တွင် ကျင်းပသည်။





ရှေးဦးစွာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တကေသရ ဆရာတော်ကြီးအမှူးပြုသော စာချ၊ စာသင် ဆရာတော်၊ သံဃာတော်အရှင်မြတ်များအား ဆွမ်းစားဆောင်၌ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဝဏ္ဏကျော်ထင် ဦးကျော်ဆန်း၊ အတွင်းရေးမှူး ဦးဝင်းမောင်၊ ကော်မတီဝင်များနှင့် ဌာနမှူးများက နံနက် ၅ နာရီခွဲတွင် အရုဏ်ဆွမ်းကိုလည်းကောင်း၊ နံနက် ၁၀ နာရီခွဲတွင် နေ့ဆွမ်းကိုလည်းကောင်း အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တစ်နေ့တာဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ဆွမ်းပဒေသာပင် စိုက်ထူလှူဒါန်းခြင်း အလှူတော်ရေစက်ချအခမ်းအနားကို ကျင်းပရာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ်ဆရာတော်ကြီး အမှူးပြုသည့် သင်ကြား၊ စီမံ ဆရာတော်ကြီး ငါးပါးကြွရောက်ချီးမြှင့်ပြီး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၊ အတွင်းရေးမှူး၊ ကော်မတီဝင်များနှင့် ဌာနမှူးများ၊ ဒုတိယဌာနမှူးများ၊ အရာထမ်း၊ အမှုထမ်း ဝန်ထမ်းများ တက်ရောက်ကြည်ညိုကြသည်။

အစီအစဉ်အရ "နမော တဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီးနောက် ပါမောက္ခချုပ်ဆရာတော်ကြီးထံမှ ပရိသတ်အပေါင်းတို့က ငါးပါးသီလခံယူဆောက်တည်ကာ ဆရာတော်ကြီးများ ရွတ်ဖတ်သရဇ္ဈာယ်ချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို ရိုသေစွာ နာယူကြည်ညိုကြသည်။ ဆက်လက်၍ မြို့တော်ဝန်က သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ပါမောက္ခချုပ်ဆရာတော်ကြီးထံသို့လည်းကောင်း၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဌာနမှူးများက ကျန်ဆရာတော်ကြီးများထံ သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကိုလည်းကောင်း အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းမိသားစုများ၏ ၂၀၂၆ ခုနှစ်အတွင်း(ပထမအကြိမ်) လှူဒါန်းသည့် ဆွမ်းပဒေသာပင် အလှူငွေကျပ် သိန်း ၅၀ ကို မြို့တော်ဝန်က ပါမောက္ခချုပ်ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းရာ သာဓုအနုမောဒနာခေါ်ဆိုကြပြီးနောက် ဆရာတော်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ ဆက်လက်၍လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားဟောကြားချီးမြှင့်ကာ ရေစက်ချအမျှ ပေးဝေကြပြီး အခမ်းအနားကို "ဗုဒ္ဓသာသနံစိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အောင်မြင်စွာ ပြီးမြောက်ခဲ့သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝန်ထမ်းမိသားစုများအနေဖြင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)သို့ ယခင်ဆွမ်းပဒေသာပင် စိုက်ထူလှူဒါန်းပြီး အလှူငွေမှာ ငွေကျပ်သိန်း(၆၅၀)ဖြစ်ပြီး ယခုထပ်မံစိုက်ထူ လှူဒါန်းငွေကျပ် သိန်း(၅၀)အပါအဝင် စုစုပေါင်းဆွမ်းပဒေသာပင် အလှူတော်ငွေကျပ် သိန်း(၇၀၀)ကို စိုက်ထူလှူဒါန်းနိုင်ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀-၀





# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား (၃၄)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များ ထောက်ပံ့

**မန္တလေး မတ် ၆**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား ယခုဘဏ္ဍာရေးနှစ်အတွင်း (၃၄)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များ ထောက်ပံ့ခြင်းကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာနတွင် ပြုလုပ်သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန ဘက်စုံခြံမှ ထုတ်ကုန်များဖြစ်သော ဟင်းသီးဟင်းရွက်များကို ကော်မတီ၏ လမ်းညွှန်မှုများအတိုင်း ဝန်ထမ်းများသက်သာချောင်ချိရေးအတွက် ထောက်ပံ့ပေးခြင်းဖြစ်ပြီး ရာသီအလိုက်သီးနှံများကို စိုက်ပျိုး၍ ခူးဆွတ်ပေးဝေလျက်ရှိရာ ဆက်လက်ဖြန့်ဝေနိုင်ရန် သီးနှံများပျိုးထောင်ထားရှိကြောင်း စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန တာဝန်ရှိသူထံမှ သိရသည်။

(၃၄)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များကိုထောက်ပံ့ပေးအပ်ရာ ခရမ်းချဉ်သီးအထုပ်(၂၀၀)၊ ဒန့်ဒလွန့်သီး(၁၅၅)စီး၊ သင်္ဘောသီးအလုံး(၁၀၀)တို့ကို စီမံရေးရာဌာန၊ အောင်မြေသာစံမြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ အမရပူရမြို့နယ်အုပ်ချုပ်ရေးမှူးရုံးတို့မှ ဝန်ထမ်းများနှင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာနဝန်ထမ်းများအား ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန ဒုတိယဌာနမှူးဦးဇော်ဇော်ထွန်းနှင့်တာဝန်ရှိသူများက အချိုးကျခွဲဝေထောက်ပံ့ပေးအပ်ကြရာ ဌာနတာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။



(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၃)

# အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၂၀ ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့ပြီး ပြည်ပနိုင်ငံသား ၁၅၄ ဦးအား အပြစ်ပေးအရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မတ် ၆

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှု အပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။



ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုက်များအတွင်းသို့ တရားမဝင် လမ်းကြောင်းများမှ တစ်ဆင့် ဝင်ရောက်နေကြသည့် တရုတ်နိုင်ငံသား ၂၀ ထပ်မံဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

အဆိုပါ တရုတ်နိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် မတ် ၅ ရက် ညနေ ၆ နာရီတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မတ် ၆ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၃၈၅ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၂၆၂ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၁၂၃ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

လွှဲပြောင်းရန်ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၁၂၃ ဦးအနက် ပြည်ပနိုင်ငံသား ၁၅၄ ဦးအား မြို့မရဲစခန်း၌ ချုပ်နှောင်ထားရှိပြီး ၂၀၂၆ ခုနှစ် မတ် ၅ ရက်တွင် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ တရားဆွဲဆို အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## စားသုံးသူရေးရာအခွင့်အရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး



**တောင်တွင်းကြီး မတ် ၆**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် စားသုံးသူရေးရာဦးစီးဌာန၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မတ် ၄ ရက် နံနက်ပိုင်းက ရွှေကြာအင်း(၁)ရပ်ကွက်ရှိ ဒေသခံပြည်သူများအား စားသုံးသူရေးရာ အခွင့်အရေးများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် စားသုံးရေးဦးစီးဌာနမှ တာဝန်ခံ ဒေါ်ဌေးဌေးက စားသုံးသူ ပြည်သူများ၏ အခွင့်အရေးနှင့် တာဝန်များ၊ ကုန်အညွှန်းအမှတ်အသားဖော်ပြချက်များ၊ အွန်လိုင်းမှတ်ပုံတင်ခြင်းနှင့် အွန်လိုင်းရောင်းဝယ်ခြင်းဆိုင်ရာများ၊ စားသုံးသူ အကာအကွယ်ပေးရေးဥပဒေအကြောင်းအရာတို့ကို ရှင်းလင်းဟောပြောခဲ့ကာ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဦးသူရမောင်မောင်က သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ပလတ်စတစ်သုံးစွဲမှု လျှော့ချရေးဆိုင်ရာ အကြောင်းအရာများ၊ မီးခိုးမြူငွေ့ ညစ်ညမ်းမှု ထိန်းချုပ်ရေးဆိုင်ရာ အကြောင်းအရာများကို အကျယ်တဝင့် အသိပညာပေးဟောပြောခဲ့ပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစောမောင်က မီးဘေးကြိုတင်ကာကွယ်ရမည့်အချက်များ ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ရွှေကြာအင်း (၁)ရပ်ကွက်ရှိ ဒေသခံပြည်သူဦးရေ ၂၀၀ ကျော် တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသည့် ဒေသခံပြည်သူများအား သက်ဆိုင်ရာဌာနအသီးသီးမှ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**နောင်နောင်(ဗိဿနိုးမြေ)**



## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၆**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ မတ် ၄ ရက် မွန်းလွဲ ၃ နာရီက တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ အရှေ့မြို့ပတ်လမ်းတွင် စိုင်းကွန်ဆိုသူ မောင်းနှင်ပြီး ဝေယံမင်းခန့်ဆိုသူ လိုက်ပါလာသည့် TOYOTA CROWN အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် စိုင်းကွန်(၂၁)နှစ်နှင့် ဝေယံမင်းခန့်(၁၉)နှစ်ဆိုသူတို့အား တောင်ကြီးမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## လားရှိုးမြို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၆**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ မတ် ၃ ရက် ညနေ ၄ နာရီ ၄၅ မိနစ်က လားရှိုးမြို့၊ အမှတ်(၄)ရပ်ကွက်နေ ဘရန်ဆိုင်း(ခ)အားရင်ဆိုသူ ငှားရမ်းနေထိုင်သည့် နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ ဘိန်းဆီခဲ အလေးချိန် ၆၀ ဂရမ်၊ အဆင့်နိမ့်ဘိန်းခပ်ရှူး အလေးချိန် ၄၅၀ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၈၈၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဘရန်ဆိုင်း(ခ)အားရင်(၃၀)နှစ်ဆိုသူအား လားရှိုးမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## မော်တော်ယာဉ် အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့မှုကြောင့် အမျိုးသမီးတစ်ဦး သေဆုံး

**သာစည် မတ် ၆**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၌ မော်တော်ယာဉ် အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့မှုကြောင့် အမျိုးသမီးတစ်ဦး သေဆုံးခဲ့သည်။

ဖြစ်စဉ်မှာ မတ် ၃ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ မိတ္ထီလာ-တောင်ကြီးကားလမ်း မိုင်တိုင်အမှတ်(၄၈၂) မိုင် ၂ ဖာလုံနှင့် ၃ ဖာလုံကြား၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ယင်းမာပင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြောင်းတကာကျေးရွာနေ ဦးစောကောင်းစံ(၃၈)နှစ်ဆိုသူ မောင်းနှင်လာသည့် TOYOTA HI-LUX မော်တော်ယာဉ်သည် တောင်ကြီးမြို့မှ မိတ္ထီလာမြို့ဘက်သို့ မောင်းနှင်လာစဉ် အခင်းဖြစ်နေရာအရောက်၌ ၎င်း၏ အရှေ့မှ မောင်းနှင်လာသည့် မော်တော်ယာဉ်အား ကျော်တက်မောင်းနှင်စဉ် အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိကာ လမ်းဖြတ်ကူးရန် စောင့်နေသည့် ကြပ်စခမ်းကျေးရွာနေ ဒေါ်ခင်စန်းကြည်(၆၀)နှစ်ဆိုသူအား ဝင်ရောက်တိုက်မိခဲ့သဖြင့် ၎င်းတွင် ထိခိုက်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့သောကြောင့် စောကောင်းစံဆိုသူအား ယင်းမာပင် နယ်မြေရဲစခန်းမှ ရာဇသတ်ကြီးပုဒ်မဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။



**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



# နိုင်ငံတကာ အားကစား သတင်းများ

## ဗလာဟိုဗစ်ကို စာချုပ်သက်တမ်းတိုးရန် ဂျူဗင်တပ်အသင်း စီစဉ်



**တူရင် မတ် ၆**

ဂျူဗင်တပ်အသင်းသည် အသင်းတိုက်စစ်မှူး ဗလာဟိုဗစ်ကို စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိပြီဖြစ်သည်။

အသက်(၂၆)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ဂျူဗင်တပ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၆၂ ပွဲကစားပြီး ၆၄ ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်းဖြစ်သည်။

ဂျူဗင်တပ်အသင်းထုတ်ပြန်ချက်တွင် "ဗလာဟိုဗစ်ကို စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ စာချုပ်ကိစ္စလည်း မကြာမီရက်ပိုင်းအတွင်း အပြီးသတ်နိုင်တော့မှာပါ"ဟု ထုတ်ပြန်သည်။

**(ယာပုံ)**

**(NGB)**

## အလက်ဂျန်ဒရိုဘယ်လ်ဒီ ဒဏ်ရာကြောင့် တစ်လခန့်အနားယူရမည်

**ဘာစီလိုနာ မတ် ၆**


ဘာစီလိုနာအသင်း နောက်ခံကစားသမား အလက်ဂျန်ဒရိုဘယ်လ်ဒီ ပေါင်ခြံဒဏ်ရာကြောင့် တစ်လခန့် အနားယူရမည်ဖြစ်သည်။

အဆိုပါ နောက်ခံကစားသမားသည် ဘာစီလိုနာအသင်းက အက်သလက်တီကိုမက်ဒရစ်အသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

နောက်ခံကစားသမား အလက်ဂျန်ဒရိုဘယ်လ်ဒီ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ဘာစီလိုနာအသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၂)နှစ်အရွယ်ရှိ နောက်ခံကစားသမား အလက်ဂျန်ဒရိုဘယ်လ်ဒီသည် ဘာစီလိုနာအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၃၄ပွဲကစားပြီး ခြေစွမ်းပြထားသည်။**(အောက်ပုံ)**

**(NGB)**



## ဆာကာသည် အာဆင်နယ်အသင်းကစားသမားဘဝ ပြိုင်ပွဲစုံ ပွဲ ၃၀၀ ပြည့်မြောက်



**လန်ဒန် မတ် ၆**

တောင်ပံကစားသမား ဆာကာသည် အာဆင်နယ်အသင်း ကစားသမားဘဝ ပြိုင်ပွဲစုံ ပွဲ ၃၀၀ ပြည့်မြောက်သည့် မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ တောင်ပံကစားသမားသည် အာဆင်နယ်အသင်းက ဘရိုက်တန်အသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် ပါဝင်ကစားခဲ့ပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။ **(ဝဲပုံ)**

တောင်ပံကစားသမား ဆာကာသည် အာဆင်နယ် အသင်းနှင့်အတူ ၂၀၁၈-၂၀၁၉ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၃၀၀ ကစားပြီး ၇၉ ဂိုးသွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၂၄)နှစ်အရွယ်ရှိ ဆာကာက "ကျွန်တော် အခုလို မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို မှတ်တမ်းတွေအပြင် အသင်းအောင်မြင်မှုများ ရရှိဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(NGB)**

### ဘောလုံးသတင်းအတိုအထွာများ

* ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ခရစ္စတယ်ပဲလေ့စ်အသင်းနှင့် စပါးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ခရစ္စတယ်ပဲလေ့စ်အသင်းက စပါးအသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

* ရီးရဲလ်မက်ဒရစ်အသင်းသည် လီဗာပူးအသင်း နောက်ခံကစားသမား ကိုနာတေးကို ခေါ်ယူရန် စီစဉ်လျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။ **(NGB)**

## ဒိုင်ဘာလာကို ခေါ်ယူရန် ဘိုကာဂျူနီယာအသင်း စီစဉ်

**လန်ဒန် မတ် ၆**

ဘိုကာဂျူနီယာအသင်းသည် ရိုးမားအသင်းတိုက်စစ်မှူး ဒိုင်ဘာလာကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၃၂)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ရိုးမားအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၃၅ ပွဲကစားပြီး ၄၅ ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ရိုးမားအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

တိုက်စစ်မှူး ဒိုင်ဘာလာကိုယ်တိုင်ကလည်း လက်ရှိအချိန် ရိုးမားအသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာချင်လျက်ရှိသည်။ **(ယာပုံ)**

ထို့ကြောင့် ဘိုကာဂျူနီယာအသင်းအနေဖြင့် လာမည့် နွေရာသီ ဈေးကွက်အတွင်းတွင် ရိုးမားအသင်းထံမှ ဒိုင်ဘာလာကို ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။ **(NGB)**



## 2026 BNP Paribas Open
## တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ Donna Vekic တက်ရောက်

**မိုင်ယာမီ မတ် ၆**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 BNP Paribas Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ ခရိုအေးရှားတင်းနစ်မယ် Donna Vekic တက်ရောက်နိုင်ခဲ့သည်။

အဆိုပါ ခရိုအေးရှားတင်းနစ်မယ် Donna Vekic သည် 2026 BNP Paribas Open တင်းနစ်ပြိုင်ပွဲ ပထမအဆင့်တွင် ချက်တင်းနစ်မယ် Tereza Valentova အား ၇-၆၊ ၇-၆ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။



2026 BNP Paribas Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် ခရိုအေးရှားတင်းနစ်မယ် Donna Vekic နှင့် အိမ်ရှင်အမေရိကန်တင်းနစ်မယ် Jessica Pegula တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(ဝဲပုံ)(NGB)**

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၈) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၇-၃-၂၀၂၆<br>ည ၈း၃၀ နာရီ | (၁၃)ကက်ဂလီယာရီ - ကိုမို(၅)<br>(W,L,L,D,D) (L,D,W,W,D) | ကက်ဂလီယာရီ ၁-၁ ကိုမို<br>ကိုမို ၃-၁ ကက်ဂလီယာရီ |
| ၇-၃-၂၀၂၆<br>ည ၁၁း၃၀ နာရီ | (၇)အတ္တလန္တာ - ဒူဒီးနီစ်(၁၀)<br>(L,W,W,L,D) (W,L,L,L,W) | အတ္တလန္တာ ၂-၁ ဒူဒီးနီစ်<br>ဒူဒီးနီစ် ၀-၀ အတ္တလန္တာ |
| ၈-၃-၂၀၂၆<br>နံနက် ၀၂း၁၅ နာရီ | (၆)ဂျူဗင်တပ် - ပီဇာ (၁၉)<br>(L,L,L,W,D) (L,D,L,L,L) | ———— |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၇) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၇-၃-၂၀၂၆<br>ည ၇း၃၀ နာရီ | (၁၀) အိုဆာဆူနာ - မာယော့ကာ(၁၈)<br>(D,W,D,W,L) (W,L,L,L,L) | အိုဆာဆူနာ ၁-၀ မာယော့ကာ<br>မာယော့ကာ ၁-၁ အိုဆာဆူနာ |
| ၇-၃-၂၀၂၆<br>ည ၀၉း၄၅ နာရီ | (၁၉)လီဗန်တေး - ဂျီရိုနာ (၁၄)<br>(L,L,L,L,W) (L,D,W,D,L) | လီဗန်တေး ၂-၂ ဂျီရိုနာ<br>ဂျီရိုနာ ၁-၂ လီဗန်တေး |
| ၈-၃-၂၀၂၆<br>နံနက် ၀၀း၀၀ နာရီ | (၃)အက်သလက်တီကို - ဆိုစီဒက် (၈)<br>(D,W,W,W,L) (W,L,D,W,W) | အက်သလက်တီကို ၄-၀ ဆိုစီဒက်<br>ဆိုစီဒက် ၁-၁ အက်သလက်တီကို |
| ၈-၃-၂၀၂၆<br>နံနက် ၀၂း၃၀ နာရီ | (၉)ဘီလ်ဘာအို - ဘာစီလိုနာ(၁)<br>(L,W,W,D,L) (L,L,W,W,W) | ဘီလ်ဘာအို ၀-၃ ဘာစီလိုနာ<br>ဘာစီလိုနာ ၂-၁ ဘီလ်ဘာအို |

### အင်္ဂလိပ် အက်ဖ်အေဖလား ပဉ္စမအဆင့် ပွဲစဉ် နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှု |
|---|---|---|
| ၇-၃-၂၀၂၆<br>ည ၆း၄၅ နာရီ | မန်းစ်ဖီးဒ် - အာဆင်နယ်<br>(လိဂ်I-၁၆) (ပရီးမီးယားလိဂ်-၁) | ———— |
| ၈-၃-၂၀၂၆<br>နံနက် ၀၀း၁၅ နာရီ | ဝရက်စ်ဟမ်း - ချဲလ်ဆီး<br>(ချန်ပီယံရှစ်-၆) (ပရီးမီးယားလိဂ်-၅) | ———— |
| ၈-၃-၂၀၂၆<br>နံနက် ၀၂း၃၀ နာရီ | နယူးကာဆယ် - မန်စီးတီး<br>(ပရီးမီးယားလိဂ်-၁၂) (ပရီးမီးယားလိဂ်-၂) | နယူးကာဆယ် ၀-၂ မန်စီးတီး<br>မန်စီးတီး ၃-၁ နယူးကာဆယ် |

### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၅) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၇-၃-၂၀၂၆<br>ည ၉း၀၀ နာရီ | (၁၈) ဟိုင်ဒန်ဟိမ်း - ဟော်ဖန်ဟိမ်း (၃)<br>(L,L,L,D,L) (W,L,W,D,L) | ဟိုင်ဒန်ဟိမ်း ၀-၀ ဟော်ဖန်ဟိမ်း<br>ဟော်ဖန်ဟိမ်း ၁-၁ ဟိုင်ဒန်ဟိမ်း |
| ။ | (၈)ဖရိုင်းဘတ် - လေဗာကူဆင်(၆)<br>(W,W,L,W,L) (W,L,D,D,W) | ဖရိုင်းဘတ် ၂-၂ လေဗာကူဆင်<br>လေဗာကူဆင် ၅-၁ ဖရိုင်းဘတ် |
| ။ | (၁၄)မိန့်ဇ် - စတုဂတ်(၄)<br>(W,W,L,D,D) (W,W,D,L,W) | မိန့်ဇ် ၂-၀ စတုဂတ်<br>စတုဂတ် ၃-၃ မိန့်ဇ် |
| ။ | (၅)လိုက်ပဇစ် - အော့စ်ဘတ်(၉)<br>(W,L,D,D,W) (W,L,W,W,W) | လိုက်ပဇစ် ၄-၀ အော့စ်ဘတ်<br>အော့စ်ဘတ် ၀-၀ လိုက်ပဇစ် |
| ။ | (၁၇)ဝုဗ်ဘတ် - ဟမ်းဘတ်(၁၁)<br>(L,L,D,L,L) (W,W,D,L,L) | ဝုဗ်ဘတ် ၁-၀ ဟမ်းဘတ်<br>ဟမ်းဘတ် ၂-၁ ဝုဗ်ဘတ် |
| ၈-၃-၂၀၂၆<br>နံနက် ၀၀း၀၀ နာရီ | (၁၃)ကိုလုံး - ဒေါ့မွန်(၂)<br>(W,L,L,D,L) (W,W,D,L,L) | ကိုလုံး ၀-၄ ဒေါ့မွန်<br>ဒေါ့မွန် ၁-၀ ကိုလုံး |

### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၅) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၇-၃-၂၀၂၆<br>ည ၁၀း၃၀ နာရီ | (၁၇) နန့်တက်စ် - အန်းဂါးစ် (၁၂)<br>(L,L,L,W,L) (W,W,L,L,L) | နန့်တက်စ် ၀-၁ အန်းဂါးစ်<br>အန်းဂါးစ် ၁-၁ နန့်တက်စ် |
| ၈-၃-၂၀၂၆<br>နံနက် ၀၀း၃၀ နာရီ | (၁၆)အော်ဇေး - စထရာဘော့စ် (၈)<br>(D,D,W,L,D) (L,D,W,D,W) | အော်ဇေး ၀-၁ စထရာဘော့စ်<br>စထရာဘော့စ် ၃-၁ အော်ဇေး |
| ၈-၃-၂၀၂၆<br>နံနက် ၀၂း၃၅ နာရီ | (၁၁)တူးလော့စ် - မာဆေးလ် (၄)<br>(L,L,D,L,W) (L,D,L,W,L) | တူးလော့စ် ၁-၃ မာဆေးလ်<br>မာဆေးလ် ၃-၂ တူးလော့စ် |



## အိန္ဒိယရိုးရာ ဟိုလီပွဲတော်ကျင်းပ၊ တေးသီချင်းများဖြင့် ဖျော်ဖြေ

**မန္တလေး မတ် ၆**

မန္တလေးမြို့အခြေစိုက် အိန္ဒိယသမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ကြီးမှူး၍ အိန္ဒိယရိုးရာနှစ်သစ်ကူး ဟိုလီပွဲတော်ကို မတ် ၄ ရက် ညနေ ၆ နာရီက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၅၈လမ်း၊ ၂၇လမ်းနှင့်၂၈လမ်းကြားရှိ အိန္ဒိယအိမ်တော်တွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးမြို့ရှိ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မန္တလေးမြို့ရှိ အိန္ဒိယနွယ်ဖွားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အိန္ဒိယနိုင်ငံကောင်စစ်ဝန်ချုပ် H.E Shri Sundeep Kaushal က တက်ရောက်လာသော ဧည့်သည်တော်များအား ဟိုလီပွဲတော်အထိမ်းအမှတ်ဆေးရောင်စုံများ လိမ်းခြယ်၍ ကြိုဆိုကြသည်။ ထို့နောက် အိန္ဒိယနိုင်ငံ ကောင်စစ်ဝန်ချုပ်က အိန္ဒိယရိုးရာနှစ်သစ်မင်္ဂလာ ဟိုလီပွဲတော် ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားသည်။ ဆက်လက်၍ အိန္ဒိယနွယ်ဖွား ယဉ်ကျေးမှုအဖွဲ့များက ဟိုလီပွဲတော် ဂုဏ်ပြုတေးသီချင်းများဖြင့် ဖျော်ဖြေပြီး ကောင်စစ်ဝန်ချုပ်က သီဆိုဖျော်ဖြေသူများအား ဂုဏ်ပြုလွှာပေးအပ်ပြီး အိန္ဒိယရိုးရာအစားအစာများဖြင့် ဧည့်ခံခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ) (၀၄၅)

## သဘာဝရေထွက်များ ထိန်းသိမ်းကာကွယ်နိုင်ရေးအတွက် တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်

**ဟိုပုံး မတ် ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်၌ ဒေသခံပြည်သူများ သောက်သုံးရေ၊ သုံးရေအဖြစ် အသုံးပြုလျက်ရှိသည့် လုံခုတ်ကျေးရွာအုပ်စု၊ ရေထွက်ကြီး(ပါပန့်)ရေထွက်၊ တိလုံကျေးရွာအုပ်စု၊ ပန်ယနံ့ကျေးရွာ ထီဆင်းရေထွက်နှင့် တောင်ရပ်ကွက်ရှိ မြို့ဦးရေထွက်တို့တွင် တာဝန်ရှိသူများမှ ယနေ့နံနက် ၉ နာရီက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု သဘာဝရေထွက်တော၊ ရေထိန်းတောထိန်းသိမ်းကာကွယ်ရေး ကော်မတီအဖွဲ့များဖြစ်သည့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်သစ်တောဦးစီးဌာန၊ မြို့နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက သဘာဝရေထွက်တော၊ ရေထိန်းတောအပါအဝင် ၄င်းပတ်ဝန်းကျင်ရှိ ရေထွက်ခြင်းကို အထောက်အပံ့ပြုနေသော သစ်တော၊ သစ်ပင်များနှင့် ဂေဟစနစ်ကို ထိန်းသိမ်းကာကွယ်ရန်၊ လူသားတို့၏ ရာသီသီးနှံစိုက်ပျိုးမြေများ တိုးချဲ့ခြင်း၊ လူနေအိမ်အဆောက်အအုံများတိုးချဲ့ခြင်း၊ စီးပွားရေးလုပ်ငန်းဆောင်ရွက်ချက်များနှင့် လူသားတို့၏ ပယောဂကြောင့် သဘာဝရေအရင်းအမြစ်များ ယုတ်လျော့ခြင်း၊ ပျက်စီးခြင်းမှ ကာကွယ်ရန်၊ သတ္တဝါတို့၏ အနာဂတ် အသက်ရှင်ရပ်တည်နိုင်ရေးအတွက် အရေးကြီးဆုံးသော သဘာဝရေအရင်းအမြစ်များ ထိန်းသိမ်းစေပြီး ရာသီဥတုပြောင်းလဲမှု၊ အနာဂတ် ရေရှားပါးမှုပြဿနာမှ ကြိုတင်ကာကွယ်ရန် ဒေသခံပြည်သူများအား ပြောကြားပြီး သဘာဝရေထွက်တော၊ ရေထိန်းတောများဖြစ်သည့် သဘာဝရေအရင်းအမြစ်များ ရေရှည်တည်တံ့စေရေးနှင့် စနစ်တကျထိန်းသိမ်းကာကွယ်နိုင်ရေးအတွက် သဘာဝရေထွက်တော၊ ရေထိန်းတောဧရိယာ၊ အမာခံနယ်မြေနှင့် ကြားခံနယ်မြေ ဧရိယာသတ်မှတ်ခြင်း၊ တည်နေရာပြမြေပုံများ၊ ဥပဒေပါတားမြစ်ချက် ဆိုင်းဘုတ်များ စိုက်ထူခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (အောက်ပုံ)

(မန္တလေးနေ့စဉ်-၅)



## နွေရာသီကာလတွင် ဝါးခမောက် အရောင်းသွက်လာ

**မန္တလေး မတ် ၆**

နွေရာသီကာလသို့ ဝင်ရောက်လာပြီဖြစ်၍ အပူချိန်မြင့်တက်လာသည့်အတွက် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျေးလက်ဒေသများ၌ ဝါးခမောက်အရောင်းဆိုင်များတွင် ဝါးခမောက်များ အရောင်းအဝယ်သွက်လာသည်။

"နွေဝင်လာတာနဲ့ အပူရှိန်က သိသိသာသာ မြင့်လာတယ်။ နံနက် ၁၀ နာရီကျော်ပြီဆိုတာနဲ့ နေပူတက်လာပြီး အပူရှိန် ပြင်းလာတတ်တယ်။ ဒါကြောင့် လယ်ယာလုပ်ကိုင်တဲ့ တောင်သူတွေ၊ တောင်ယာလုပ်တဲ့သူတွေ ဝါးခမောက်တွေ ဝယ်ယူအသုံးပြုမှု များလာတယ်"ဟု မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသရှိ ဝါးခမောက်အရောင်းဆိုင်တစ်ဆိုင်မှ ရောင်းချသူတစ်ဦးက ပြောသည်။

လက်ရှိဈေးကွက်အတွင်း ဝါးခမောက်များမှာ အလုံးပုံစံနှင့် အပြန့်ပုံစံ အမျိုးအစားနှစ်မျိုးစလုံး အရောင်းအဝယ်ဖြစ်နေပြီး လက်ကားဝယ်ဈေးမှာ ငွေကျပ် ၁၅၀၀ မှ ၂၀၀၀ ခန့်ရှိကာ လက်လီတစ်လုံးချင်းရောင်းဈေးမှာ ငွေကျပ် ၃၅၀၀ မှ ၆၀၀၀ အထိ ရှိသည်။ (အောက်ပုံ)

ဝါးခမောက်များကို ဝါးခွံ၊ ဝါးဖက်များဖြင့် လက်လုပ်ပြုလုပ်ထားခြင်းဖြစ်ပြီး နေပူဒဏ်နှင့် မိုးဒဏ်ကို ခံနိုင်ရည်ရှိကာ ပေါ့ပါးသဖြင့် အသုံးပြုရလွယ်ကူသည်။ ထို့ကြောင့် စိုက်ပျိုးရေးလုပ်ကိုင်သူများ၊ တောင်ယာလုပ်ကိုင်သူများနှင့် ကျေးလက်ဒေသနေ ပြည်သူများကြား အသုံးများသည့် လူသုံးကုန်ပစ္စည်းတစ်မျိုးဖြစ်လာသည်။

ထို့ပြင် နွေရာသီကာလတွင် နေပူဒဏ်မှ ကာကွယ်နိုင်သည့်အတွက် ကျေးလက်ဒေသများသာမက မြို့ပေါ်နေပြည်သူ အချို့လည်း နေပူထဲသွားလာရာတွင် ဝါးခမောက်များကို ဝယ်ယူအသုံးပြုလာကြကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၈)



## မိတ္ထီလာမြို့နယ်၌ စပါးမျိုးစေ့ချကိရိယာဖြင့် နွေစပါး(ရေဆင်းပေါ်ဆန်း-၂)စိုက်ပျိုးခြင်း သရုပ်ပြပွဲ ကျင်းပ

**မိတ္ထီလာ မတ် ၆**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း စပါးမျိုးစေ့ချကိရိယာ (Seeder)ဖြင့် နွေစပါး(ရေဆင်းပေါ်ဆန်း-၂)စိုက်ပျိုးခြင်း သရုပ်ပြပွဲကို မတ် ၅ ရက် နံနက် ၈ နာရီက မြာကျေးရွာအုပ်စု၊ ရေဝေကျေးရွာရှိ ဦးပိုင်အမှတ်(၁၀)၊ ကွင်းအမှတ်(၁၀၇၅)ရှိ တောင်သူဦးအောင်မောင်၏ စိုက်ဧက နှစ်ဧကတွင် ကျင်းပခဲ့သည်။

နွေစပါး(ရေဆင်းပေါ်ဆန်း-၂)စိုက်ပျိုးခြင်း သရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသက်နိုင်အေးက မြို့နယ်အတွင်း ဒေသခံတောင်သူများမှ စပါးမျိုးစေ့ချကိရိယာကို တွင်ကျယ်စွာ အသုံးပြုနိုင်ရေး၊ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ အသွင်ကူးပြောင်း ဆောင်ရွက်နိုင်စေရေး၊ လုပ်သားအင်အား ရှားပါးမှုပြဿနာ ဖြေရှင်းပေးနိုင်ရေး၊ အချိန်တိုအတွင်း စိုက်ဧကများကို စိုက်ပျိုးနိုင်ခြင်းနှင့် စပါးအထွက်နှုန်းကောင်းမွန်စေခြင်း စသည့် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် စပါးမျိုးစေ့ချကိရိယာ (Seeder)ဖြင့် နွေစပါး(ရေဆင်းပေါ်ဆန်း-၂)ကို စိုက်ပျိုးရာ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်အောင်လေးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတောင်သူများက ကြည့်ရှုအားပေးခဲ့သည်။

မိတ္ထီလာမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၌ နွေစပါး စိုက်ပျိုးဧက ၁၀၉၀ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

(၄၆၉)



## မင်းဘူး-မကွေး သဲသောင်ပြင်ကျွန်းထဲတွင် အပန်းဖြေသူ၊ ညနေဆည်းဆာအလှအပခံစားသူများဖြင့် စည်ကား



**မင်းဘူး မတ် ၆**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး-မကွေး သဲသောင်ပြင်ကျွန်းထဲ၌ မွန်းလွဲ ၃ နာရီမှ ညနေ ၆ နာရီအတွင်း ကမ်းစပ်တွင် အနားယူအပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည်။

ပွင့်လင်းရာသီတွင် အညာဒေသပွဲတော်ဖြစ်သည့် မန်းရွှေစက်တော်ဘုရားပွဲနှင့် တိုက်ဆိုင်နေသဖြင့် ဘုရားဖူးအပြန် ဧည့်သည်များနှင့် အနီးအနားရှိ ဒေသခံပြည်သူများက မင်းဘူး-မကွေးကြား သဲသောင်ပြင်ကျွန်းထဲတွင် အကြော်အမျိုးမျိုး၊ အသုပ်အမျိုးမျိုး၊ အကင်အမျိုးမျိုး၊ အချိုရည်နှင့် မုန့်ပဲသရေစာများ စားသုံးကာ ကမ်းစပ်တွင် ရေချိုးအပန်းဖြေ၍ ညနေဆည်းဆာအလှအပများကို ကြည့်ရှုခံစားကာ အထူးစည်ကားလျက်ရှိသည်။

မကွေးတိုင်းဒေသကြီးသည် မြန်မာနိုင်ငံအလယ်ပိုင်းတွင် ကျရောက်ပြီး နွေရာသီ တပေါင်း၊ တန်ခူး၊ ကဆုန်လများသည် အလွန်ပူပြင်းလှသဖြင့် ကမ်းစပ်နှင့် ရေချိုးဆိပ်များတွင် ညနေဘက် ရေချိုးသူများဖြင့် တိုးမပေါက်အောင် စည်ကားလှသည်။ ထို့အတူ မင်းဘူးသဲသောင်ပြင်ထဲတွင်လည်း ရေချိုးသူ၊ အပန်းဖြေသူ၊ အချိုရည်အမျိုးမျိုး၊ ဖရဲသီးဖျော်ရည်၊ သခွားသီးဖျော်ရည်နှင့် ကြံရည်များကို သောက်သုံးကာ ညနေဆည်းဆာ အလှအပများကို ကြည့်ရှုခံစားသူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း သိရသည်။ (ဝဲပုံ) (၅၀၄)

# ခရိုင်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီက အခြေခံပန်းချီရေးဆွဲနည်းသင်တန်း ဖွင့်လှစ်

**မန္တလေး မတ် ၆**

မန္တလေး၊ အောင်မြေသာစံခရိုင်၊ ခရိုင်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ၏ ကြီးကြပ်မှုဖြင့် နွေရာသီအားလပ်ရက်၌ လူငယ်များအတွက် အခြေခံပန်းချီရေးဆွဲနည်းသင်တန်းဖွင့်လှစ်ခြင်းကို မတ် ၄ ရက် နံနက် ၉ နာရီခွဲက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၈၆လမ်း၊ ၂၁ လမ်းနှင့်၂၂လမ်းကြားရှိ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre) ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ အောင်မြေသာစံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းသူအောင်၊ ခရိုင်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ၊ အတွင်းရေးမှူး၊ လူငယ်သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးကျော်ဇင်ထွန်းနှင့် ကော်မတီဝင်များ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စံပယ်နှင့်ဝန်ထမ်းများ၊ သင်တန်းနည်းပြ ဦးရွှေမော်၊ ဦးဖိုးချစ်နှင့် သင်တန်းသား၊ သင်တန်းသူ ၄၀ ဦး တက်ရောက်ကြသည်။ **(အောက်ပုံ)**

အစီအစဉ်အရ ခရိုင်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီဥက္ကဋ္ဌကိုယ်စား ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး ဦးစီးအရာရှိက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ အမှတ်(၁၀) အခြေခံပညာ အထက်တန်းကျောင်း အကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးငွေကြွယ်က ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါအခြေခံပန်းချီရေးဆွဲနည်းသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၄၀ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ခြောက်ရက်ဖြစ်သည်။ ထို့အပြင် အခြေခံကွန်ပျူတာသင်တန်းနှင့် အရိုးဗစ်အားကစားသင်တန်းများကိုဆက်လက်ဖွင့်လှစ်ရန် စီစဉ်ထားကြောင်း သိရသည်။**(၀၉၃)**





# မိတ္ထီလာတက္ကသိုလ်၌ ဘာသာရပ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်

**မိတ္ထီလာ မတ် ၆**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ မိတ္ထီလာတက္ကသိုလ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယမန်နေ့ ညနေပိုင်းက အဆိုပါတက္ကသိုလ်အားကစားခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါဆုချီးမြှင့်ပွဲတွင် ဆုရရှိသည့် ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများကို ပါမောက္ခချုပ်ဒေါက်တာဘဟန်၊ ဒုတိယပါမောက္ခချုပ်ဒေါက်တာကျော်လင်း၊ စစ်တုရင်ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ ဥပဒေပညာဌာန ပါမောက္ခ (ဌာနမှူး)ဒေါက်တာသိန်းသိန်းဝင်းနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့သည်။ အဆိုပါဘာသာရပ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး စစ်တုရင်ပြိုင်ပွဲတွင် မြန်မာစာ၊ ဘူမိဗေဒ၊ ရုက္ခဗေဒ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဥပဒေပညာနှင့် စီးပွားရေးပညာဌာနတို့မှ ကျောင်းသား၊ ကျောင်းသူပြိုင်ပွဲဝင် ၂၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲကာလ နှစ်ရက်တာ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ) (၄၅၃)**

# နွေရာသီကျောင်းပိတ်ရက် အင်္ဂလိပ်စာနှင့် ပန်းချီသင်တန်း(အခမဲ့) ဖွင့်လှစ်

**ရေနံချောင်း မတ် ၆**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နွေရာသီကျောင်းပိတ်ရက်များတွင် ကျောင်းသား၊ ကျောင်းသူများ အချိန်ကို အကျိုးရှိစွာအသုံးချတတ်စေရန်ရည်ရွယ်၍ ဘာသာရပ်ဆိုင်ရာ(အင်္ဂလိပ်စာ)နှင့် အတတ်ပညာဆိုင်ရာ(ပန်းချီ) သင်တန်း(အခမဲ့)ဖွင့်ပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက မြို့နယ်လူထုအခြေပြုဗဟိုဌာန(Community Centre) ခန်းမ၌ ကျင်းပသည်။

ရေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဇင်ဦးက အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ချိုချိုနွယ်က သင်တန်းမှ ပို့ချသည့်သင်ခန်းစာများကို စိတ်ပါဝင်စားစွာ လေ့လာမှတ်သားသင်ယူကြရန် မှာကြားသည်။ ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုမီအောင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး သင်တန်းဆရာများက သင်ကြားပို့ချမည့်ဘာသာရပ်ဆိုင်ရာများကို မိတ်ဆက်ရှင်းလင်းသည်။

အဆိုပါ သင်တန်းများကို မတ် ၃ ရက်မှစတင်၍ သင်တန်းကာလ တစ်လကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)မြို့နယ်(ပြန်/ဆက်)**



# စားတော်ပဲ ဧက ၇၁၀ အထိ ရိတ်သိမ်းပြီးစီး၊ တစ်ဧကလျှင် ၁၆ ဒသမ ၅၃ တင်း ထွက်ရှိ

**ပွင့်ဖြူ မတ် ၆**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စားတော်ပဲ ဧက ၇၁၀ အထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၆ ဒသမ ၅၃ တင်း ထွက်ရှိကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စားတော်ပဲဧက ၃၄၈၀ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါ စားတော်ပဲစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧက ၇၁၀ အထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး အထွက်နှုန်းမှာ တစ်ဧကလျှင် ၁၆ ဒသမ ၅၃ တင်း ဖြစ်သည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း စားတော်ပဲ ဧက ၃၄၈၀ စိုက်ပျိုးနိုင်ခဲ့တယ်။ အဲ့ဒီ စားတော်ပဲစိုက်ခင်းတွေကို ဖေဖော်ဝါရီလကစပြီး ရိတ်သိမ်းခဲ့ရာ ဒီနေ့မှာ ဧက ၇၁၀ ရိတ်သိမ်းပြီးစီးပြီဖြစ်တယ်။ စားတော်ပဲ ရိတ်သိမ်းတာနဲ့ပတ်သက်ပြီး လေလွင့်ဆုံးရှုံးမှုတွေမဖြစ်အောင် စနစ်တကျရိတ်သိမ်းကြဖို့နဲ့ လိုအပ်တဲ့ ရိတ်သိမ်းခြွေလှေ့ နည်းစနစ်များကိုလည်း ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးတယ်။ နောက်ပြီး ရိတ်သိမ်းပြီး သီးနှံများကိုလည်း အရည်အသွေးကောင်းမွန်အောင် အမိုးအကာအောက်မှာ သေချာစွာ သိမ်းဆည်းနိုင်အောင် လိုအပ်တာတွေ ကူညီဆောင်ရွက်ပေးတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ စားတော်ပဲစိုက်ပျိုးတောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနက သီးနှံအထွက်နှုန်းများ တိုးတက်စေရန် ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ စိုက်ပျိုးရေ စနစ်တကျသုံးစွဲရေး၊ မြေသြဇာနှင့် သွင်းအားစုများ မှန်မှန်ကန်ကန် သုံးစွဲတတ်စေရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အချိန်မှီ သီးနှံရိတ်သိမ်းနည်းပညာများ စသည့် တောင်သူအသိပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် နှစ်စဉ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ဈေးကွက်ရှိသည့် စားတော်ပဲ၊ ကုလားပဲ၊ မတ်ပဲ၊ ထောပတ်ပဲ၊ ပဲယင်း၊ ပဲကြီး၊ ပဲလွမ်း စသည့် ပဲမျိုးစုံကို စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်ကြကြောင်း၊ ထိုသို့ စိုက်ပျိုးရာ၌ အချို့တောင်သူများက ပဲမျိုးစုံကို သီးသန့်စိုက်ပျိုးကြသလို နှစ်သီးစား ဝင်ငွေရရှိရေးအတွက် အခြားသီးနှံများနှင့် ရောနှော၍ သီးထပ်သီးညှပ်စိုက်ပျိုးကြသည်။

စားတော်ပဲကို နှစ်စဉ်တိုးချဲ့စိုက်ပျိုးကာ အထွက်နှုန်းများ တိုးတက်အောင် စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စားတော်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောသည်။

**(အောက်ပုံ)**

**(၄၄၅)**

၀-၀-၀-၀-၀-၀



# ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့သည့် MRTV DTH စက်များ ပေးအပ်

**မိုင်းယောင်း မတ် ၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်၌ ယမန်နေ့က ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့သည့် MRTV DTH စက်များကို တာဝန်ရှိသူများက ပေးအပ်သည်။

ထိုသို့ ပေးအပ်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မိုးအေးချိုနှင့် တာဝန်ရှိသူများက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဗလမင်းထင်ခန်းမတွင် မိုင်းယုမြို့ အထွေထွေအုပ်ချုပ်ရေးမှူးရုံးအတွက် ခေတ္တမြို့အုပ်ချုပ်ရေးမှူးအား ပေးအပ်သည်။

ထို့နောက် ထေရဝါဒဗုဒ္ဓသာသနာပြု(မိုင်းဟန်)ကျောင်းအတွက် MRTV DTH စက်နှင့် မိုင်းဟော့၊ မိုင်းဟန်၊ ပါဆန်း၊ ပါပျက်၊ ပန်မကြူ၊ ပုံချို(ဝေး)နှင့် ဝမ်ဖကျေးရွာအတွက် WiFi ရရှိရေး Solar တပ်ဆင်ကုန်ကျစရိတ်ငွေကျပ် ၉၈၆၈၀၀၀ ကို ပေးအပ်လှူဒါန်းပြီး အဆိုပါကျေးရွာများတွင် Solar တပ်ဆင်ပြီးစီးမှုအခြေအနေအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**ထွန်းမြင့်လှိုင်(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀-၀



# မဟာမုနိရွှေထီးတော်ကြီး

ထိန်ထိန်လင်း

**၂၈-၈-၂၀၂၅ ရက်ထွဲပါ စာမျက်နှာ(၁၄)မှ အဆက်**

ရွှေထီးတော်ကြီး၏ အထက်ကပ်လျက်တွင် "ဆပ်သွားဖူး" ဟုခေါ်သော အစိတ်အပိုင်းတည်ရှိပါသည်။ ဆပ်သွားဖူးပန်း၏ အဖူးအငုံနှင့် သဏ္ဌာန်တူညီပါသည်။ မဟာမုနိရွှေထီးတော်ကြီးမှ ဆပ်သွားဖူးမှာ ရွှေထီးတော်ကြီးနှင့် လိုက်ဖက်စေရန် အတွက်လည်းကောင်း၊ ပန်းလည်တိုင်၌ နေရာလွတ်ကျန်ရှိခြင်း မရှိစေရန်အတွက်လည်းကောင်း၊ အချင်း ၁၂ လက်မ၊ အမြင့်လေးပေ ကိုးလက်မ ထုလုပ်ပူဇော်ထားပါသည်။ ဆပ်သွားဖူးတော်အား ရွှေချိန် လေးပိဿာ ၅၃ ကျပ် ခုနစ်ပဲ၊ ငွေပိဿာချိန် တစ်ပိဿာ ၈၅ ကျပ် လေးပဲဖြင့် ပြုလုပ်ထားပြီး ပတ္တမြား၊ နီလာ၊ နဝရက်နှင့် ကျောက်မျက်ရတနာ မျိုးစုံ ၁၇၄၃ ပွင့် စီခြယ်ထားပါသည်။ ကျောက်မျက်ရတနာများ၏ အလေးချိန်မှာ ၆၇ ကျပ် နှစ်ပဲ ၅½ ရွေးဖြစ်ကြောင်း သိရှိရပါသည်။

ဆပ်သွားဖူးတော်၏ အထက်တွင် "ဖူးန်းလေးဘုံ" တည်ရှိပါသည်။ ထီးတော်တင်လှူထားသော ပန်းလည်တိုင်တွင် အဓိက အင်္ဂါရပ်များဖြစ်သော ဆပ်သွားဖူးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့၏ အကြားတွင် လွတ်နေသည့်နေရာများအား အခုအခံနှင့် လှပတင့်တယ်စေရန် အချိုးညီစွာ တပ်ဆင်ထားခြင်းဖြစ်သည်။ အချို့စေတီပြာသာဒ်များ၌ ဖူးန်းဘုံနေရာတွင် စိန်ပန်းခိုင်ဟူသော အင်္ဂါရပ်ကို ထည့်သွင်းလေ့ရှိပါသည်။ မဟာမုနိရွှေထီးတော်ကြီးတွင်မူ စိန်ပန်းခိုင်အစား ဖူးန်းဘုံများကို ထည့်သွင်းပြုလုပ်ထားပါသည်။ ဒုတိယထီးတော်(အဟောင်း)တွင် ဖူးန်းသုံးဘုံရှိသော်လည်း တတိယထီးတော်(အသစ်)တွင် ဖူးန်းလေးဘုံ ထုလုပ်တပ်ဆင်ပူဇော်ထားပါသည်။ ရွှေထီးတော် ပိုမိုတင့်တယ်သပ္ပာယ်၍ ကြည်ညိုဖွယ်ဖြစ်စေရန် နေရာလွတ်မကျန်စေရန် ဖူးန်းတစ်ဘုံထပ်တိုးထားခြင်းဖြစ်ကြောင်း သိရပါသည်။ ဖူးန်းလေးဘုံသည် အမြင့် သုံးပေ လေးလက်မရှိပြီး ရွှေသားအလေးချိန် နှစ်ပိဿာ ၆၇ ကျပ် ကိုးပဲ လေးရွေးဖြင့် ပြုလုပ်ထားပါသည်။ ကျောက်ဖြူလုံးရေ ၁၀၈ လုံး၊ ခြယ်ပွင့်ပေါင်း ၃၆ ပွင့်၊ ရတနာစီခြယ်ထားသော လက်ကောက်ခုနစ်ကွင်း၊ စိန်လက်ကောက်တစ်ကွင်းပူဇော်ထားပြီး ကျောက်မျက်ရတနာများ၏ စုစုပေါင်း အလေးချိန်မှာ ၂၅ ကျပ် ၁၀ ပဲ ½ ရွေး ဖြစ်ပါသည်။

ရွှေထီးတော်ကြီးနှင့်အတူပါဝင်သော အင်္ဂါအစိတ်အပိုင်းများတွင် "နတ်မင်းကြီးလေးပါး" ပါဝင်ပါသည်။ ၎င်းနတ်မင်းကြီးလေးပါးဆိုသည်မှာ အာဋာနာဋိယသုတ်တွင်ပါရှိသော လောကကို စောင့်ရှောက်သည့် လောကပါလနတ်မင်းကြီးများ ဖြစ်ပါသည်။ လေးပါးသော အစုရှိခြင်းကြောင့် စတု လောကပါလနတ်မင်းကြီးများဟုလည်း ခေါ်ဆိုပါသည်။ ထိုနတ်မင်းကြီးများ နေထိုင်ရာ ဘုံဗိမာန်သည် မြင့်မိုရ်တော်၏အခြေတွင် ရှိပြီး စတုမဟာရာဇ်နတ်ပြည်ဟု အမည်တွင်ပါသည်။ "ဓတရဋ္ဌ" အမည်ရှိသော နတ်မင်းကြီးသည် "ဘုမ္မဋ္ဌက" နတ်များကို အုပ်စိုးလျက် မြင့်မိုရ်တောင်၏ အရှေ့အရပ်မျက်နှာတွင်လည်းကောင်း၊ "ဝိရူဠှက" အမည်ရှိသော နတ်မင်းကြီးသည် "ဂန္ဓဗ္ဗ" နတ်များကို အုပ်စိုးလျက် မြင့်မိုရ်တောင်၏ တောင်အရပ်မျက်နှာတွင်လည်းကောင်း၊ "ဝိရူပက္ခ" နတ်မင်းကြီးသည် နတ်နဂါးများကို အုပ်စိုးလျက် မြင့်မိုရ်တောင်၏ အနောက်အရပ်မျက်နှာတွင်လည်းကောင်း၊ "ကုဝေရ" နတ်မင်းကြီးသည် နတ်ဘီလူးများကို အုပ်စိုးလျက် မြင့်မိုရ်တောင်၏ မြောက်အရပ်မျက်နှာတွင်လည်းကောင်းနေထိုင်ကြပါသည်။ ထိုနတ်မင်းကြီးလေးပါးတို့သည် "ကုဝေရ" နတ်မင်းကြီးနေထိုင်ရာ "အာဋာနာဋိယ" မြို့တော်တွင် မြတ်စွာဘုရားရှင်၏ တရားတော်မြတ်ကို နာယူကြည်ညိုကြပြီးနောက် သောတာပတ္တိမဂ်ဖိုလ်၌ တည်ကြပြီးသည့် ပုဂ္ဂိုလ်များ ဖြစ်ကြပါသည်။ သောတာပန်ပုဂ္ဂိုလ်များဖြစ်ကြပါသည်။ သောတာပန်ပုဂ္ဂိုလ်များဖြစ်ကြသည်နှင့်အညီ ဘုရားရှင်၏ အဆုံးအမဖြစ်သည့် သုံးရပ်သော သာသနာတော်မြတ်ကြီးအား အစဉ်စောင့်ရှောက်လျက်ရှိကြသဖြင့် သာသနာတော်စောင့်နတ်မင်းကြီးလေးပါးဟူ၍လည်း ခေါ်ဝေါ်ကြပါသည်။ အဆိုပါနတ်မင်းကြီးများသည် ရွှေစင်ရွှေသား မဟာမုနိထီးတော်ကြီးအားလည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသား ပြည်သူလူထုအပေါင်းကိုလည်းကောင်း၊ သာသနာပြုပုဂ္ဂိုလ်အပေါင်းတို့အားလည်းကောင်း၊ ကမ္ဘာသူ၊ ကမ္ဘာသားအပေါင်းတို့အားလည်းကောင်း စောင့်ရှောက်ပါစေခြင်းငှာ နတ်မင်းကြီးလေးပါးတို့၏ပုံသဏ္ဌာန်ကို ရွှေစင်ရွှေသား ၄၉ ကျပ်သားခန့် အသုံးပြု၍ ထုလုပ်ထည့်သွင်းထားခြင်းဖြစ်ပါသည်။ အမြင့် ၄¾လက်မစီရှိပြီး ကျောက်မျက်ရတနာ ပါဝင်ခြင်းမရှိပါ။ ၎င်းတို့ စိုးမိုးအုပ်ချုပ်ရာ အရပ်သို့ မျက်နှာမူထားရှိပါသည်။

"ရတနာရွှေအိုးနှင့် ဆည်းလည်းကိုးခိုင်" သည် နတ်မင်းကြီးလေးပါး၏ အထက်တွင် တည်ရှိပါသည်။ ရွှေအိုးအတွင်း လောကီရတနာ၊ လောကုတ္တရာများ သိုမှီးထားသည်ဟူသော မင်္ဂလာအတိတ်နိမိတ်ကို ယူနိုင်ပါသည်။ ဆည်းလည်း၏သဘောသည် "ဘာဓေမ" ဟူသော မိမိတို့ပြုသမျှ ကုသိုလ်ကောင်းမှုအစုစုအား ၃၁ ဘုံရှိ ဝေနေယျအပေါင်းတို့ သိကြပါစေ၊ ရကြပါစေဟူသည့် အနက်အဓိပ္ပာယ်ကို ဆောင်ပါသည်။ လေဟပ်၍ မြည်သော ဆည်းလည်းသံ တလွင်လွင်လေးများသည် ဤနေရာ၊ ဤဌာန၌ ဒါန၊ သီလ၊ ဘာဝနာတရားများ၊ လူချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာတရားများ၊ မအိုရာ၊ မနာရာ၊ မသေရာ မဟာအသင်္ခတ တရားများရှိပေသည်ဟု အသိပေးနေသယောင် ခံစားရစေပါသည်။ ရတနာရွှေအိုးနှင့် ဆည်းလည်းကိုးခိုင်သည် အမြင့်တစ်ပေ ၁၀ လက်မရှိပြီး ရွှေအိုး၏ အထက်ဖောင်းရစ်တွင် စိန်ပွင့် ၂၉၄ ပွင့် ပါဝင်သော စိန်ပွင့်တန်း စီခြယ်ထားပါသည်။ ဆည်းလည်းကိုးခိုင်၏ ကြားနေရာများတွင် ကျောက်မျက်ရတနာများ စီခြယ်ထားသော လည်ဆွဲကိုးခု ချိတ်ဆွဲထားပါသည်။ ရွှေသားအလေးချိန် ၁၉၁ ကျပ် ၄½ ရွေးဖြစ်ပြီး ကျောက်မျက်ရတနာအလေးချိန်မှာ ၁၀ကျပ် နှစ်ပဲ ½ ရွေးဖြစ်ပါသည်။ ရွှေနှင့် ကျောက်မျက်အလေးချိန်နှစ်ခုပေါင်း ၂၀၁ကျပ် နှစ်ပဲ ငါးရွေးဖြစ်ပါသည်။



ရတနာရွှေအိုး ဆည်းလည်းကိုးခိုင်နှင့် ငှက်မြတ်နားတော်ကြားတွင် "ကြံဆစ်" ဟူသော အစိတ်အပိုင်းတစ်ခု ထည့်သွင်းတပ်ဆင်ထားပါသည်။ ၎င်းကြံဆစ်သည် အဓိကအင်္ဂါရပ် မဟုတ်ပါ။ ပန်းလည်တိုင်နေရာအလွတ်မရှိစေရန် အဆစ်အဖုကလေးများ ပြုလုပ်ထားရာ ကြံ၏အဆစ်ကလေးများနှင့် သဏ္ဌာန်တူညီ၍ ကြံဆစ်ဟု အမည်ပေးခေါ်ဝေါ်ပါသည်။ ၎င်းကြံဆစ်၏ရွှေသားအလေးချိန်မှာ ၂၈ ကျပ် တစ်ပဲခြောက် ½ ရွေးရှိပါသည်။

ကြံဆစ်၏ အထက်တွင် ရွှေထီးတော်ကြီး၏ အထွဋ်ပိုင်း၌ အဓိကအရေးကြီးအင်္ဂါအစိတ်အပိုင်းဖြစ်သည့် "ငှက်မြတ်နားတော်" တည်ရှိပါသည်။ စိန်ဖူးတော်ကြီးပြီးလျှင် အဖိုးအတန်ဆုံး ကျောက်မျက်ရတနာများ စီခြယ်သွန်းလုပ်ထားပါသည်။ ငှက်မြတ်နားတော်သည် ပန်းလည်တိုင်၏ တစ်ဖက်သတ်တည်းတွင် တံခွန်အောင်လံသဖွယ် ဝံ့ဝံ့ကြွားကြွား တည်ရှိပြီး အရပ်ရှစ်မျက်နှာ လေသင့်ရာသို့ လှုပ်ရှားလည်ပတ်နေသော အရာဖြစ်သည်။ ထိုသို့လည်ပတ်နိုင်ရန် ဘောဝိတ်တုန်းများ ထည့်သွင်းထားသည်။ အခြားတစ်ဖက်တွင် ဟန်ချက်ညီမျှစေရန် ရွှေသားအလေးချိန် ၄၁ ကျပ် ၁၂ ပဲရှိ ခရုသင်းကိုင်သိကြားမင်းရွှေစင်ရုပ်တု၊ မဟာမုနိရုပ်ရှင်တော်ဘုရားကြီး ကိန်းဝပ်စံပါယ်ရာ မဟာသုဝဏ္ဏပါသာဒပြာသာဒ်တော် ရွှေစင်ရုပ်တုနှင့် ခဲတို့အား ထည့်သွင်းထားထုလုပ်ထားပါသည်။

ငှက်မြတ်နားတော်သည် နှစ်ဖက်အလှပုံဖော်ရသဖြင့် ဝဲဘက်အခြမ်း၊ ယာဘက်အခြမ်း နှစ်ခြမ်းစပ် တပ်ဆင်ပြုလုပ်ရပါသည်။ နှစ်ခြမ်းစလုံးတွင် လှပခံ့ညားလှသည့် မြန်မာမှုပန်းကနုတ်လက်ရာများနှင့် အလယ်တွင် မဟာမုနိရုပ်ရှင်တော်မြတ်တစ်ဆူစီ ကိန်းဝပ်စံပါယ်တော်မူပါသည်။ ရုပ်ပွားတော်နှစ်ဆူအား ၂၄ ပါးသော ပဋ္ဌာန်းဒေသနာတော်ကို ရည်စူး၍ ကြာဖက်ဝန်း ၂၄ ဖက်၊ ရတနာ ၂၄ ပွင့်တို့ဖြင့် ရောင်ခြည်တော်သဏ္ဌာန် ထုလုပ်ပူဇော်ထားပါသည်။ ငှက်မြတ်နားတော်အရင်းတွင် ရတနာများဖြင့် စီခြယ်ထားသော နေဝန်း၊ လဝန်းသဏ္ဌာန်များနှင့် ရတနာပန်းပွင့်ကိုးပွင့်တို့အား ဒေါင်လိုက် အနေအထားဖြင့် ပူဇော်ထားပါသည်။ ငှက်မြတ်နားတော်၏ အထက်တွင် ရွှေသားခေါင်းလောင်းငယ် ၁၈ လုံး ချိတ်ဆွဲထားပြီး စိန်တောင် ၁၀ တောင်၊ တန်းတစ်တန်း စီခြယ်ထားပါသည်။ ငှက်မြတ်နားတော်ကြီးမှာ အလျား ၂၄ လက်မ၊ အနံ ၁၂ လက်မရှိပါသည်။ ရွှေသားအလေးချိန် စုစုပေါင်းမှာ နှစ်ပိဿာ ၅၄ ကျပ် ၁၄ ပဲ သုံး½ ရွေး ဖြစ်ပြီး ကျောက်မျက်ရတနာအလေးချိန်ပေါင်းမှာ ၅၂ကျပ် ၁၅ပဲ သုံးရွေး ဖြစ်ပါသည်။

စေတီတော်တစ်ဆူ(သို့မဟုတ်)ပြာသာဒ်တော်တစ်ဆောင်၌ တင်လှူပူဇော်သည့် ရွှေထီးတော်တွင် အထွဋ်အမြတ်ဆုံးသော အစိတ်အပိုင်းမှာ "စိန်ဖူးတော်" ဖြစ်သည်။ "ဘုရားမှာ စိန်၊ ကျောင်းမှာ သိမ်၊ သင်္ကန်းမှာ ထိန်၊ ဆွမ်းမှာ ပိဏ္ဍ" ဟူသော ဆိုရိုး စကားနှင့်အညီ လောကီဥစ္စာရတနာများ၏ တန်ဖိုးများပြားခြင်းကြောင့် အထွဋ်အမြတ်ဖြစ်သကဲ့သို့ လောကုတ္တရာကြောင်း၊ ဓမ္မကြောင်းအရ မအိုရာ၊ မနာရာ၊ မသေရာ နိဗ္ဗာန်နှင့် နှိုင်းယှဉ်ပူဇော်ရာ ဖြစ်၍လည်း အထွဋ်အမြတ်ဖြစ်ရသည်။ စိန်ဖူးတော်၏ အထက်တွင် အာကာသဟင်းလင်းပြင်သာ ရှိတော့သည်။ အိုခြင်း၊ နာခြင်း၊ သေခြင်း ကင်းရာ သုညတ(ဝါ)မဟာအသင်္ခတနိဗ္ဗာန်၏တည်ရာဖြစ်ခြင်းသဘောကို ပြသဖြင့် အထွဋ်အမြတ်ဆုံးဖြစ်ရသည်။ ထို့ကြောင့် လောကီကြောင်းအရ တန်ဖိုးမဖြတ်နိုင်သော စိန်၊ ရွှေ၊ ငွေ၊ ရတနာ၊ ကျောက်သံပတ္တမြားတို့၏ များပြားမှုကိုသာ ဖူးမြော်ကြည်ညိုပါက ပြီးပြည့်စုံသော ကြည်ညိုမှုဟု မဆိုနိုင်ပါ။ လောကုတ္တရာကြောင်းအရ တန်ဖိုးမဖြတ်နိုင်သော အမတနိဗ္ဗာန်သို့ ရရာရကြောင်း၊ ရောက်ရာရောက်ကြောင်းအား ကောင်းသော ကြည်ညိုနိုင်မှုမျိုးမှသာလျှင် ပြီးပြည့်စုံသော ကြည်ညိုမှုမျိုး ဖြစ်နိုင်ကြပါသည်။

ဗုဒ္ဓဘာသာဝင်များအနေဖြင့် စိန်ဖူးတော်အား ပုံစံအမျိုးမျိုးဖြင့် ထုလုပ်ပူဇော်လေ့ရှိကြပြီး အချို့စိန်ဖူးတော်များအား အရံစိန်ဖူးတော်များ ထုလုပ်ပူဇော်လေ့ရှိကြပါသည်။ မဟာမုနိရွှေထီးတော်ကြီး၏ အထွဋ်ရှိ စိန်ဖူးတော်မှာ ရွှေစင်ရွှေသားများဖြင့် ပြုလုပ်၍ စိန်၊ ပတ္တမြား၊ နီလာ၊ ကျောက်စိမ်းတို့ဖြင့် မွမ်းမံထုလုပ်ထားပါသည်။ အရွယ်အစားမှာ အမြင့် ၂၄½ လက်မ၊ အကျယ် ၁၀ လက်မရှိပါသည်။ စိန်ဖူးတော်အောက်ခြေအိုး၏ အရပ်လေးမျက်နှာတွင် ပွင့်တော်မူပြီးကုန်သော ဘုရားရှင်လေးဆူကို ရည်စူး၍ ဆင်းတုတော်လေးဆူကို ထုလုပ်ထားပါသည်။ ထို့နောက် ဖောင်းရစ်ခံ၍ စိန်ဖူးတော်၏အထက်ပိုင်း အရပ်လေးမျက်နှာတွင် မဟာမုနိရုပ်ရှင်တော်မြတ် ရုပ်ပွားတော်လေးဆူကို ထုလုပ်ပူဇော်၍ ကနုတ်ပန်းကိုးခိုင် ခြံရံထားပါသည်။ ထိုကနုတ်ပန်းကိုးခိုင်တို့တွင် အလယ်ကနုတ်ပန်းကြီး လေးခုတို့၌ စိန်ပန်းကြီးတစ်ပွင့်စီ စီခြယ်မြှုပ်နှံထားပါသည်။ **ဆက်လက်ဖော်ပြပါမည်-**



# အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဆည်)၌ အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ ဟောပြောပွဲ ကျင်းပ

**ကျောက်ဆည် မတ် ၆**

မန္တလေးတိုင်းဒေသကြီး၊ အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဆည်)၌ အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ ဟောပြောပွဲကို မတ် ၅ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဆည်)မှ ကျောင်းအုပ်ဆရာကြီး ဒေါက်တာမျိုးသူက အလုပ်အကိုင် အခွင့်အလမ်းဆိုင်ရာဟောပြောပွဲကျင်းပရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး WL Construction Co.,Ltd. မှ အင်ဂျင်နီယာ ဦးဝင်းလွင်၊Myanmar United Power Co., Ltd. မှ Chief Executive Engineer ဦးအောင်ကျော်လင်း၊ ကျင်းလုံမြန်မာကုမ္ပဏီလီမိတက်မှ BDM Manager ဦးထွန်းထွန်းလင်း၊မြန်မာသံတော်မြတ်ကုမ္ပဏီလီမိတက်၊ကြွံနှစ်ကောင်ဘိလပ်မြေစက်ရုံမှ ဒုတိယမန်နေဂျာ HR ဦးနေမျိုးဆန်းလှိုင်နှင့် မြန်မာနက်ကုမ္ပဏီမှ အင်ဂျင်နီယာ ဦးစိုးမင်းထွန်းတို့က အလုပ်အကိုင်အခွင့်အလမ်းများဆိုင်ရာအကြောင်းအရာများကို အသီးသီးဟောပြောပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံ ရိုက်ခဲ့သည်။ **(အပေါ်ပုံ)**



ဟောပြောပွဲအပြီးတွင် ကျောင်းသား၊ ကျောင်းသူများက သက်ဆိုင်ရာ မေဂျာများအလိုက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးအကြောင်းများကို မေးမြန်းဆွေးနွေးခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **(၄၈၅)**



# ကောက်ရိုးမှိုစိုက်ပျိုးနည်းသင်တန်း ဖွင့်လှစ်မည်

**မန္တလေး မတ် ၆**

ကောက်ရိုးမှိုစိုက်ပျိုးခြင်းဖြင့် အပိုဝင်ငွေရှာဖွေနိုင်ရန် ရည်ရွယ်၍ Peer to Peer Lifelong Learning Program အစီအစဉ်ဖြင့် ကောက်ရိုးမှိုစိုက်ပျိုးနည်းသင်တန်းကို မတ်လအတွင်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း My Nature Community ထံမှ သိရသည်။

ကောက်ရိုးမှိုစိုက်ပျိုးရာတွင် မှိုခြင်း တစ်ခြင်းလျှင် ငွေကျပ် ၁၀,၀၀၀ ခန့်သာ ရင်းနှီးရပြီး ပျမ်းမျှအားဖြင့် ၁ ဒသမ ၅ ပိဿာခွဲမှ ၂ ဒသမ ၅ ပိဿာခွဲ အထိ ထွက်ရှိနိုင်သဖြင့် အပိုဝင်ငွေရှာဖွေလိုသူများနှင့် စီးပွားဖြစ်စိုက်ပျိုးလိုသူများအတွက် အဆင်ပြေသည့် စိုက်ပျိုးရေးနည်းစနစ်တစ်ခုဖြစ်သည်။

ထို့ပြင် ကောက်ရိုးမှိုစိုက်ပျိုးရာတွင် နေရာအကျယ်အဝန်းရှိရန် မလိုအပ်ဘဲ ခြင်းထားရန် နေရာရှိပါက မြို့ပြဒေသများတွင်ပင် လွယ်ကူစွာစိုက်ပျိုးနိုင်သည်။

သင်တန်းတွင် မျိုးကောင်းမျိုးသန့်ရွေးချယ် အသုံးပြုနည်းများ၊ မှိုအထွက်နှုန်းကောင်းစေရန် စိုက်ပျိုးထိန်းသိမ်းနည်းများနှင့် လက်တွေ့စိုက်ပျိုးနည်းစနစ်များကို သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းကို လူကိုယ်တိုင် လက်တွေ့တက်ရောက်နိုင်သည့်သင်တန်းအဖြစ် မတ် ၁၄ ရက်မှ ၁၅ ရက်အထိ မင်္ဂလာဒုံမြို့နယ်ရှိ Community Garden တွင် ပြုလုပ်သွားမည်ဖြစ်ပြီး နယ်ဝေးမှ တက်ရောက်လိုသူများအတွက် အွန်လိုင်းသင်တန်းကို မတ် ၂၁ ရက်မှ ၂၂ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများအနေဖြင့် ဖုန်းနှင့် Viber နံပါတ် ၀၉-၈၆၃၆၉၀၀၀၅ သို့ ဆက်သွယ်၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၈)**

*-*-*-*-*

# အခြေခံပန်းချီရေးဆွဲနည်းသင်တန်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိ

**မြို့သစ် မတ် ၆**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူး၍ ကျောင်းသား၊ကျောင်းသူများ နွေရာသီကာလ၌ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်နှင့် ပန်းချီရေးဆွဲရာတွင် အခြေခံကျကျရေးဆွဲတတ်စေရန် ရည်ရွယ်၍ အခြေခံပန်းချီရေးဆွဲနည်းသင်တန်းကို မတ် ၁ရက်မှစတင်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre) ခန်းမ၌ ဖွင့်လှစ်သင်ကြားပေးလျက်သည်။

အခြေခံပန်းချီရေးဆွဲနည်းသင်တန်းတွင် မြို့နယ်စာအုပ်စာစောင်ချစ်မြတ်နိုးသူအသင်း (Book Club)အဖွဲ့ဝင်ဖြစ်သည့် ပန်းချီဆရာ ဦးတင်မောင်ဝင်းက သင်တန်းနည်းပြအဖြစ်ဆောင်ရွက်ကာ အခြေခံပန်းချီရေးဆွဲရာတွင် ပါဝင်ရမည့်အချက်များ၊ ပန်းချီရေးဆွဲမည့်ပုံစံအမျိုးမျိုး၊ အရောင်ခြယ်ပုံခြယ်နည်း၊ အလင်း၊ အမှောင်နှင့် ပန်းချီရေးဆွဲနည်းဆိုင်ရာအကြောင်းအရာများကို



မတ် ၁ ရက်မှစတင်၍ ညနေ ၄ နာရီမှ ၅ နာရီအထိ အခြေခံပညာမူလတန်း၊ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအား စာတွေ့၊ လက်တွေ့ ဖွင့်လှစ် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ဝင်းအိစွန်(ပြန်/ဆက်)**



**မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့ပေါ်ရှိ တက္ကသိုလ်ဝင်စာစစ်ဌာနများအား မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝေဖြိုးအောင်နှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ ယမန်နေ့ နံနက် ၉ နာရီက မီးဘေးအန္တရာယ်မရှိစေရေးအတွက် မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့စဉ်။**

**(ကဆ)**

ဖတ်စရာ၊ မှတ်စရာ
စုံလင်

## သာယာလှပ တပေါင်းလ


\---------------

* ဆောင်းအကုန် နွေအကူး
ရှင်မြူးလို့ သာသာယာ၊
"မိန်ရာသီ" လတပေါင်း
ရွက်ဟောင်းကြွေကာ ။
ရွက်သစ်တို့ ဝေဝေဆာ
ပင်ယံမှာ စိမ်းရောင်ကဲ၊
စုံညီစွာ ထွက်ပေါ်ဆဲ
ကျိုးတိုးကျဲတဲ ။

* "မိန်ရာသီ" တပေါင်းလ
ဥတ္တရ ဖဂ္ဂုနီ၊
ဝင်းထိန်ကြည် ယုဂန်နန်း
စန်းယှဉ်ကြသည် ။
ပန်းမြတ်က သရဖီ
စေတီမှာ သဲပုံပွဲ၊
ပူဇော်ကာ ဆင်ယင်နွှဲ
ကျင်းပသည်ပဲ ။

* တပေါင်းခါ သမယ
ရာသီက ပွင့်လင်းကြည်၊
နက္ခတ်တို့ စုံအညီ
ထွန်းလင်းကြသည် ။
တောင်သူတို့ တောရပ်ဆီ
ပုန်းမကြည် တင်မြောက်ပွဲ
ပဗ္ဗကြယ် အသွင်ဆန်း
လှူဒါန်းသည်ပဲ ။ ။

**ပန်းသစ္စာ(ပုသိမ်ကြီး)**





## ထရပ်၏ ခြိမ်းခြောက်မှုကို စပိန်ဝန်ကြီးချုပ် လျစ်လျူရှုကာ နိုင်ငံတကာဥပဒေများ ပျက်ပြားလာမှု လက်မခံနိုင်ဟု ပြောကြား

မက်ဒရစ် မတ် ၆

စပိန်နိုင်ငံနှင့် ကုန်သွယ်မှု ရပ်ဆိုင်းမည်ဟူသော အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်၏ ခြိမ်းခြောက်မှုကို စပိန်ဝန်ကြီးချုပ် ပက်ဒရိုဆန်းချက်ဇ်က လျစ်လျူရှုကာ စစ်ပွဲကိုဆန့်ကျင်ကြောင်းနှင့် နိုင်ငံတကာဥပဒေများ ပျက်ပြားလာမှုကို လက်မခံနိုင်ဟု ထပ်လောင်းပြောကြားကာ ပြင်းထန်စွာ တုံ့ပြန်လိုက်ကြောင်း သိရသည်။

၁၀ မိနစ်ကြာ ရုပ်သံမိန့်ခွန်းအတွင်း စပိန်ဝန်ကြီးချုပ်သည် ယူကရိန်းနှင့် ဂါဇာဒေသတွင် ဖြစ်ပွားနေသော စစ်ပွဲများအပြင် လွန်ခဲ့သော အနှစ် ၂၀ ကျော်က အီရတ်စစ်ပွဲ အခြေအနေများကိုလည်း ထည့်သွင်းပြောကြားခဲ့ပြီး စပိန်အစိုးရ၏ ရပ်တည်ချက်မှာ စစ်ပွဲကို လုံးဝလက်မခံခြင်းပင်ဖြစ်သည်ဟု ဆိုသည်။

အီရန်နိုင်ငံအား တိုက်ခိုက်ရန်အတွက် မိုရွန်နှင့် ရိုတာဖော်ရှိ ပူးတွဲအခြေစိုက်စခန်းများကို အသုံးပြုခွင့်ပေးရန် အမေရိကန်၏ တောင်းဆိုချက်ကို စပိန်အစိုးရက ငြင်းဆန်ခဲ့ခြင်းကြောင့် သမ္မတထရမ့်က စပိန်နိုင်ငံအပေါ် ကုန်သွယ်မှု လုံးဝပိတ်ဆို့မည်ဟု ခြိမ်းခြောက်ခဲ့ကြောင်း သိရသည်။ **Mon**

## နီပေါနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲအတွက် မဲရေတွက်ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်နေ



ခတ္တမန္ဒူ မတ် ၆

နီပေါနိုင်ငံတွင် မတ် ၅ ရက်က ပြုလုပ်ခဲ့သော အထွေထွေရွေးကောက်ပွဲတွင် ပြည်သူသန်းပေါင်းများစွာ မဲပေးခဲ့ကြပြီးနောက် ရွေးကောက်ပွဲတာဝန်ရှိသူများက မဲပုံးများစုဆောင်းခြင်းနှင့် မဲရေတွက်ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယခုကြားဖြတ်ရွေးကောက်ပွဲသည် ၂၀၂၅ ခုနှစ် စက်တင်ဘာလအတွင်းက အစိုးရကို ပြုတ်ကျစေခဲ့သည့် လူငယ်များ၏ ဆန္ဒပြပွဲများအပြီး ခြောက်လအကြာတွင် ကျင်းပခြင်းဖြစ်သည်။

ရွေးကောက်ပွဲကော်မရှင်က ကနဦးရလဒ်များကို စတင်ထုတ်ပြန်နေပြီဖြစ်သော်လည်း အတည်ပြုပြီးစီးသည့် နောက်ဆုံးရလဒ်ထွက်ပေါ်လာရန်မှာ ရက်အနည်းငယ်ကြာမြင့်နိုင်သည့် အခြေအနေတွင်ရှိသည်။

တောင်ထူထပ်သော ထိုနိုင်ငံတစ်ဝန်းရှိ မဲပုံးများကို စုဆောင်းကာ မဲရေတွက်သည့် ဗဟိုဌာနများသို့ ပို့ဆောင်ရန်အတွက် ပုံမှန်အားဖြင့် အနည်းဆုံး တစ်ရက်ခန့် အချိန်ယူရခြင်းကြောင့် ဖြစ်သည်။

အချိုးကျကိုယ်စားပြုစနစ်ဖြင့် မဲပေးထားသည့် ရလဒ်များကို ရေတွက်အတည်ပြုရန်အတွက် နောက်ထပ်နှစ်ရက်မှ သုံးရက်ခန့်အထိ ကြာမြင့်နိုင်သည်ဟု တာဝန်ရှိသူများက ပြောကြားကြောင်း သိရသည်။ **Mon**

**0-0-0-0-0-0**




## ကလေးသူငယ်များ လူမှုကွန်ရက် အသုံးပြုခြင်းကို အိန္ဒိယနိုင်ငံ၊ ကာနာတကာပြည်နယ်တွင် ပိတ်ပင်



ဒေလီ မတ် ၆

အိန္ဒိယနိုင်ငံ၏ နည်းပညာဗဟိုချက်ဖြစ်သော ဘန်ဂလိုမြို့ တည်ရှိရာ ကာနာတကာပြည်နယ်တွင် အသက် ၁၆ နှစ် အောက် ကလေးသူငယ်များ လူမှုကွန်ရက်အသုံးပြုခြင်းကို ပိတ်ပင်လိုက်ကြောင်း စီအင်န်အေ သတင်းဌာနက ဖော်ပြသည်။

ပြည်နယ်ဝန်ကြီးချုပ် စီဒါရာမားယားက မတ်၆ရက်တွင် ထိုပိတ်ပင်မှုကိုအတည်ပြုခဲ့ရာ အိန္ဒိယနိုင်ငံ၌ ပထမဆုံးသော လူမှုကွန်ရက်ပိတ်ပင်မှုဖြစ်ကြောင်း ဒေသခံမီဒီယာများတွင် ဖော်ပြသည်။

ကလေးသူငယ်များအကြား မိုဘိုင်းဖုန်းအသုံးပြုမှု မြင့်တက်လာခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့်ဆိုးကျိုးများကို ကာကွယ်ရန်ရည်ရွယ်ချက်ဖြင့် အသက် ၁၆ နှစ်အောက် ကလေးသူငယ်များ၏ လူမှုကွန်ရက်အသုံးပြုမှုကို ပိတ်ပင်သွားမည်ဟု ဝန်ကြီးချုပ် စီဒါရာမားယားက ၎င်း၏ ဘတ်ဂျက်မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **Mon**

## မျိုးသုဉ်းသွားပြီဟု ယူဆထားကြသည့် တိရစ္ဆာန်မျိုးစိတ်နှစ်မျိုး သြစတြေးလျတိုက် အနောက်ပါပူဝါဒေသတွင် ပြန်လည်တွေ့ရှိ



ကင်ဘာရာ မတ် ၆

လက်ဖဝါးတစ်ဖက်စီတွင် အလွန်ရှည်လျားသော လက်ချောင်းတစ်ချောင်းစီပါရှိသည့် လူ၏လက်မခန့်ရှိ ပိုဆမ် ကောင်ငယ်လေးအပါအဝင် မျိုးသုဉ်းပျောက်ကွယ်သွားပြီဟု ယူဆထားကြသည့် တိရစ္ဆာန်မျိုးစိတ်နှစ်မျိုးကို အနောက်ပါပူဝါဒေသတွင် ပြန်လည်တွေ့ရှိခဲ့ကြောင်း သိရသည်။

အခြားမျိုးစိတ်တစ်ခုမှာ သစ်ကိုင်းများကို မြဲမြံစွာတွယ်ကပ်နိုင်သော အမြီးပါရှိသည့် လေဟုန်စီးရှဉ့်တစ်မျိုးဖြစ်သည်ဟု ဆိုသည်။ အဆိုပါ သတ္တဝါနှစ်မျိုးစလုံးသည် လွန်ခဲ့သောနှစ်ပေါင်း ၆,၀၀၀ ခန့်ကပင် ပျောက်ကွယ်သွားပြီဟု ယူဆခဲ့ကြသော်လည်း ယခုအခါ ဝေးလံခေါင်ဖျားသော မိုးသစ်တောများအတွင်း ရှင်သန်နေထိုင်ဆဲဖြစ်သည်ကို ရှာဖွေတွေ့ရှိခဲ့ခြင်း ဖြစ်သည်။

ပျောက်ကွယ်သွားသော မျိုးစိတ်တစ်ခုကို အရှင်အတိုင်း ပြန်လည်တွေ့ရှိရန်မှာ ခဲယဉ်းလှသော်လည်း ယခုကဲ့သို့ နှစ်မျိုးစလုံးကို ရှာဖွေတွေ့ရှိနိုင်ခြင်းမှာ အံ့အားသင့်ဖွယ်ရာ ကောင်းလှကြောင်း သိပ္ပံပညာရှင်များက ပြောကြားခဲ့ပြီး ၎င်းတို့၏တွေ့ရှိချက်များကို သြစတြေးလျပြတိုက်မှတ်တမ်းဂျာနယ်တွင် မတ် ၆ရက်က ထုတ်ပြန်ကြေညာခဲ့သည်။

သေခြင်းမှ ပြန်လည်ရှင်သန်လာသည့် ကျမ်းစာလာပုဂ္ဂိုလ်ကို အစွဲပြု၍ ယခုကဲ့သို့ ပြန်လည်ရှာဖွေတွေ့ရှိသည့် ဖြစ်ရပ်များကို လာဇရုတက်ဖွန်ဟု ခေါ်ဆိုကြောင်း သိရသည်။ **Mon**

## အခက်အခဲကြုံတွေ့နေရသည့် နိုင်ငံခြားသားခရီးသွားများအတွက် အိုမန်နိုင်ငံသို့ စင်ကာပူနိုင်ငံက အထူးလေယာဉ်ပို့လွှတ် စီစဉ်ပေး

စင်ကာပူ မတ် ၆

အရှေ့အလယ်ပိုင်းဒေသရှိ လေကြောင်းလိုင်းများ ပိတ်ဆို့မှုကြောင့် အခက်အခဲကြုံတွေ့နေရသည့် နိုင်ငံခြားသားခရီးသွားများအတွက် အိုမန်နိုင်ငံ၊ မတ်စကတ်မြို့သို့ စင်ကာပူနိုင်ငံက အထူးလေယာဉ်တစ်စင်း စီစဉ်ပေးလျက်ရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

စင်ကာပူလေကြောင်းလိုင်းမှ လေယာဉ်အမှတ် အက်စ်ကျူ ၈၀၀၂ သည် စင်ကာပူနိုင်ငံ ချန်ဂီလေဆိပ်မှ ဒေသစံတော်ချိန် မတ် ၈ ရက် နံနက် ၅ နာရီ ၃၀ မိနစ်တွင် ထွက်ခွာမည်ဖြစ်သည်။

အဆိုပါအထူးလေယာဉ်ကို လိုက်ပါစီးနင်းလိုသည့် ခရီးသည်များအနေဖြင့် မတ် ၇ ရက်နေ့ နံနက် ၉ နာရီနောက်ဆုံးထား၍ စင်ကာပူခရီးသွားလုပ်ငန်းဘုတ်အဖွဲ့၏ ဝက်ဘ်ဆိုက်မှတစ်ဆင့် စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။ **Mon**

**0-0-0-0-0-0**

## ကမ္ဘာ့ရေနံဈေးနှုန်း ခြောက်ရက်အတွင်း ပထမဆုံးအကြိမ်ပြန်လည်ကျဆင်း



ဝါရှင်တန် မတ် ၆

အမေရိကန်အစိုးရအနေဖြင့် မြင့်တက်လာသော ကုန်ဈေးနှုန်းများကို လျော့ချရန် အနာဂတ်ကုန်စည်ဈေးကွက်တွင် ကြားဝင်ဆောင်ရွက်ရန် စဉ်းစားနေခြင်းနှင့်အတူ အရှေ့အလယ်ပိုင်း စစ်ပွဲကြောင့် ဖြစ်ပေါ်လာသည့် ရေနံရရှိမှု အခက်အခဲများကို ပြေလျော့စေရန် အိန္ဒိယရေနံချက်စက်ရုံများအား ရုရှားရေနံစိမ်းဝယ်ယူခွင့် ကင်းလွတ်ခွင့်ပြုခဲ့ခြင်းကြောင့် ကမ္ဘာ့ရေနံဈေးနှုန်းသည် ခြောက်ရက်အတွင်း ပထမဆုံးအကြိမ်အဖြစ် ပြန်လည်ကျဆင်းသွားကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ဘရန့်ရေနံစိမ်းဈေးနှုန်းသည် တစ်စည်လျှင် ၁.၁၄ ဒေါ်လာ သို့မဟုတ် ၁.၃၃ ရာခိုင်နှုန်း ကျဆင်းကာ ၈၄.၂၇ ဒေါ်လာသို့ ရောက်ရှိခဲ့ပြီး အနောက်တက္ကဆက် ရေနံစိမ်းဈေးနှုန်းမှာလည်း ၁.၄၆ ဒေါ်လာ သို့မဟုတ် ၁.၈ ရာခိုင်နှုန်း ကျဆင်းကာ ၇၉.၅၅ ဒေါ်လာသို့ ရောက်ရှိသွားသည်။

အမေရိကန်နှင့် ၎င်း၏ မဟာမိတ် အစ္စရေးနိုင်ငံတို့သည် ဖေဖော်ဝါရီ ၂၈ ရက်တွင် အီရန်နှင့် စစ်ရေးပဋိပက္ခ စတင်ဖြစ်ပွားခဲ့ခြင်းကြောင့် ကမ္ဘာ့နေ့စဉ်ရေနံတင်ပို့မှု ငါးပုံတစ်ပုံခန့် ဖြတ်သန်းရာ ဟော်မုဇ်ရေလက်ကြားတွင် ရေနံတင်သင်္ဘောများ သွားလာမှုရပ်တန့်ခြင်း၊ အရှေ့အလယ်ပိုင်းရှိ အဓိကစွမ်းအင်ထုတ်လုပ်ရာ ဒေသများ၌ ရေနံချက်စက်ရုံများ၊ ရေနံထုတ်လုပ်မှုများနှင့် သဘာဝဓာတ်ငွေ့ရည်စက်ရုံများ ပိတ်သိမ်းခဲ့ရခြင်းတို့ကြောင့် ထိုးတက်သွားသည့် ဈေးနှုန်းများကို ပြန်လည်ထိန်းညှိရန် အမေရိကန်က ယခုကဲ့သို့ အစီအမံများ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **Mon**

# စာစီစာကုံး အရေးလမ်းညွှန်

သွယ်အောင်

ဒွါဒသမတန်း(တက္ကသိုလ်ဝင်တန်း) စာမေးပွဲဖြေဆိုရန် ရက်အနည်းငယ်သာလိုတော့သည်။ မကြာခင် စာမေးပွဲဖြေဆိုကြတော့မည်။ ပထမဆုံးစတင်ဖြေဆိုကြရမည့် ဘာသာရပ်သည် မြန်မာစာ ဖြစ်သည်။

မြန်မာစာမေးခွန်းတွင် မေးခွန်း(၇)ပုဒ်မေးထားပြီး မေးခွန်းနံပါတ်(၆)သည် စာစီစာကုံးမေးခွန်း ဖြစ်သည်။ မေးခွန်းနံပါတ်(၇)သည် အဆိုတစ်ရပ်အပေါ် ဆွေးနွေးသည့် (ထောက်ခံ၊ ကန့်ကွက်)မေးခွန်း ဖြစ်သည်။

မေးခွန်းနံပါတ်(၁)မှ နံပါတ်(၅)အထိ မေးခွန်းများသည် သင်ရိုးညွှန်းတမ်း ပုံနှိပ်စာအုပ်တွင် ပြဋ္ဌာန်းထားသော အကြောင်းအရာဖြစ်သဖြင့် ကျောင်းသား၊ ကျောင်းသူတိုင်း သင်ကြားရေးဆရာ၊ ဆရာမတို့၏ အာဘော်အပေါ်အမှီပြု၍ ကျက်မှတ်ဖြေဆိုနိုင်မည်ဖြစ်သည်။

မေးခွန်းနံပါတ်(၆)နှင့် နံပါတ်(၇)သည် ပြဋ္ဌာန်းပုံနှိပ် စာအုပ်တွင် မပါဝင်သောမေးခွန်းများဖြစ်သဖြင့် အလွတ်ကျက်မှတ်ဖြေဆို၍ မရပါ။ စာဖြေသူ ကျောင်းသား၊ ကျောင်းသူများ၏ ကိုယ်ပိုင်အတွေး၊ ကိုယ်ပိုင်အရေးကို စစ်ဆေးသော မေးခွန်းများဟု ဆိုရပေမည်။

ထို့ကြောင့် စာစီစာကုံးနှင့် အဆိုဆွေးနွေး(ထောက်ခံ၊ ကန့်ကွက်)သည့် မေးခွန်းများသည် ကျောင်းသား၊ ကျောင်းသူတို့၏ စာဖတ်စွမ်းရည်နှင့် အရေးစွမ်းရည် မည်မျှပိုင်နိုင်ကျွမ်းကျင်မှုကို စစ်ဆေးအကဲဖြတ်ခြင်းလည်း ဖြစ်သည်။ စာစီစာကုံး ၁၀ မှတ်၊ အဆိုဆွေးနွေး ၁၀ မှတ် ပေးထားသည်။

ဤစာစုသည် စာစီစာကုံး အရေးလမ်းညွှန်အတွက် ရည်ညွှန်းသဖြင့် အဆိုဆွေးနွေး(ထောက်ခံ၊ ကန့်ကွက်)ကို အကျယ်ချဲ့မရေးလိုပါ။ အကျဉ်းမျှသာ ဖော်ပြပေးလိုက်ပါသည်။ အဆိုတစ်ရပ်အပေါ်(ထောက်ခံ၊ ကန့်ကွက်)ကို မိမိနှစ်သက်ရာဘက်မှ ရပ်တည်ဆွေးနွေးပေးရမည်ဖြစ်ပြီး မေးခွန်းတွင် နှစ်ပုဒ်မေး၊ တစ်ပုဒ်ရွေး ဖြေဆိုရမည်။

ဖြေဆိုရာတွင် စာပိုဒ် လေးပိုဒ်သာ ရေးသားဖြေဆိုပါ။ နိဒါန်းတစ်ပိုဒ်၊ စာကိုယ်နှစ်ပိုဒ်၊ နိဂုံးတစ်ပိုဒ် ရေးသားဖြေဆိုရမည်။ စာစစ်ဦးစီးဌာန၏ အမှတ်ပေးစည်းမျဉ်းမှာ နိဒါန်း နှစ်မှတ်၊ စာကိုယ် သုံးမှတ်စီနှင့် နိဂုံး နှစ်မှတ် သတ်မှတ်ထားသည်။

စာစီစာကုံးအတွက် အမှတ်ပေးစည်းမျဉ်းနှင့်ကိုက်ညီအောင် မည်သို့ဖြေဆိုကြမည်နည်း။ စာစီစာကုံးမှာ အလွတ်ကျက်ဖြေဆိုရသော မေးခွန်းမဟုတ်သဖြင့် မိမိဖြေချင်သလို ဖြေဆို၍ မရပါ။ အမှတ်ပေးစည်းမျဉ်းနှင့် အံဝင်ခွင်ကျဖြစ်အောင် သတ်မှတ်ထားသည်။ ယင်းသတ်မှတ်ချက်ကို သိရှိထားလျှင် စာစီစာကုံးအမှတ်ပြည့်နီးနီး ရရှိဖြေဆိုနိုင်ပါလိမ့်မည်။

စာစီစာကုံးဆိုသည်မှာ 'အကြောင်းအရာ တစ်ရပ်ရပ်ကို ဖတ်ချင့်စဖွယ်ကောင်းအောင် စကားပြေဖြင့် ရေးသည့်စာ'ဟု မြန်မာအဘိဓာန်က(ကျောင်းသား၊ ကျောင်းသူတို့)အတွက် ဖွင့်ဆိုထားသည်။

စာစီစာကုံးသည် မြန်မာစာပေ၏ အညွန့်အဖူး၊ မြန်မာအဖြေလွှာ၏ ဂုဏ်သိက္ခာဖြစ်သည့်အတွက် စာစီစာကုံး၏ သဘောတရားသွင်ပြင်လက္ခဏာကို နားလည်သဘောပေါက်ထားဖို့ လိုပါသည်။ မြန်မာစာဖြေဆိုသည့် ကျောင်းသား၊ ကျောင်းသူတစ်ယောက်အား ဂုဏ်ထူးမှတ်ပေးဖို့၊ ထူးချွန်မှတ်ပေးဖို့ စာစီစာကုံးအဖြေလွှာကိုကြည့်ပြီး စဉ်းစားဆုံးဖြတ်သည်။ ထို့ကြောင့် စာစီစာကုံးသည် အလွန်အရေးပါသော အခန်းကဏ္ဍလည်း ဖြစ်သည်။

မြန်မာစာဂုဏ်ထူးထွက်ချင်သည့် ကျောင်းသား၊ ကျောင်းသူတို့အဖို့ စာစီစာကုံးကို သေချာဂရုစိုက်အလေးထားရေးသား ဖြေဆိုကြရန် လိုလေသည်။ စာစီစာကုံးရေးရန် အခက်တွေ့နေသူများ အောက်ပါအချက်များကို လိုက်နာ၍ စာစီစာကုံးရေးကြည့်စေချင်သည်။

### (၁) အပိုင်ဆုံး ခေါင်းစဉ်ရွေးပါ

မေးခွန်းမှာ ပေးထားသည့် ခေါင်းစဉ်နှစ်ခုထဲက ကိုယ်ရေးလို့ကောင်းမည့် အကြောင်းအရာ၊ ကိုယ်အပိုင်အနိုင်ဆုံး ခေါင်းစဉ်ကို ရွေးဖြေပါ။ ကိုယ်ရွေးဖြေသည့် ခေါင်းစဉ်သည် ဘာကိုရေးခိုင်းသလဲဆိုသည်ကို နားလည်သဘောပေါက်ဖို့ လိုသည်။ ဥပမာ- 'သကြန်ပွဲတော်'ဆိုသည့် ခေါင်းစဉ်နှင့် 'သကြန်မြင်ကွင်း' ဆိုသည့် ခေါင်းစဉ်မှာ မတူပါ။ နှစ်ခုစလုံး သကြန်၏ သဘာဝရှုခင်းနှင့် သကြန်၏ ပြယုဂ်ပုံဖော်ရေးရမည်ဖြစ်သော်လည်း အကြောင်းအရာကန့်သတ်၍ ရေးရမည် ဖြစ်ပါသည်။

ရေးရမည့်အကြောင်းအရာ ဆိုလိုချက်ကို မသိဘဲ ရေးဖြေလျှင် မှန်းချက်နှင့် နှမ်းထွက်မကိုက်ဘဲ ခုတ်ရာတခြား ရှရာတခြား ဖြစ်သွားကာ အမှတ်ပေးစည်းမျဉ်းနှင့် အံမဝင်ဘဲ လွဲချော်သွားတတ်ပါသည်။

### (၂)အင်္ဂါရပ် သုံးရပ်နှင့် ကိုက်ညီပါစေ

စာစီစာကုံးစရေးပြီဆိုလျှင် ခေါင်းစဉ်တပ်ဖို့ မမေ့ပါနှင့်။ ခေါင်းစဉ်ကို စာရွက်အလယ်တည့်တည့်တွင် သပ်သပ်ရပ်ရပ်ရေးပြီး အောက်ခြေမှ မျဉ်းသားပေးပါ။ ကျောင်းသား၊ ကျောင်းသူတိုင်း သိပြီးဖြစ်သည့်အတိုင်း စာစီစာကုံးအင်္ဂါရပ် သုံးရပ်နှင့် ကိုက်ညီပါစေ။ နိဒါန်း၊ စာကိုယ်၊ နိဂုံး တို့ဖြစ်သည်။ စာစီစာကုံး၏ ပထမဆုံးအပိုဒ်သည် နိဒါန်းဖြစ်ရာ နိဒါန်းကို စာစစ်သူ စိတ်ဝင်စားဆွဲဆောင်မှုရှိအောင် ဖတ်ချင့်စဖွယ်ဖြစ်အောင် မိတ်ဆက်ရေးသားဖို့လိုပါသည်။ မေးခွန်းတွင် ပေးထားသည့် ပုံကြမ်းငါးချက်ထဲမှ ပထမဆုံးအချက်သည် နိဒါန်းရေးရမည့် အချက်ဖြစ်သည်ကို သတိထားပါ။

ပုံကြမ်းငါးချက်ထဲမှ ဒုတိယအချက်၊ တတိယအချက်နှင့် စတုတ္ထအချက်တို့သည် စာကိုယ်ရေးရမည့် အချက်တို့ဖြစ်သည်။ စာကိုယ်တွင် ခေါင်းစဉ်ပါအကြောင်းအရာနှင့် ပေးထားသော ပုံကြမ်းအချက်အလက်တို့ကို အခြေခံပြီး စိတ်ဝင်စားဖွယ်ဖြစ်စေရန် ကိုယ်သိထားသော ကဗျာ၊ သီချင်း၊ စကားပုံ၊ အဆိုအမိန့်တို့ကို အသုံးပြုရေးသားပါ။ သို့သော် စာ၊ ကဗျာအကိုးအကားများကို လိုအပ်သလောက်သာ ထည့်သွင်းရေးသားသင့်သည်။ အများကြီးလက်စွမ်းပြရေးသားစရာမလိုပါ။ အများကြီးရေးသားလိုက်ပါက စာအယဉ်အစန်းသည် ကလက်သွားကာ စာစီစာကုံးသွင်ပြင်လက္ခဏာနှင့် လွဲချော်သွားနိုင်သည်။ နောက်ဆုံးပေးထားသော အချက်သည် နိဂုံးရေးရမည့် အချက်ဖြစ်ပြီး အကြောင်းအရာတစ်ခုလုံးအပေါ် ခြုံငုံပြီး မိမိအမြင်ကို ပါဝင်အောင် ထည့်သွင်းရေးသားဖို့ လိုပါသည်။

### (၃) စကားပြောဟန်ဖြင့် မရေးပါနှင့်

စာစီစာကုံးရေးပြီဆိုလျှင် စာပိုဒ်ခွဲသည့်အနေဖြင့် ဘေးမျဉ်းမှ တစ်လက်မခန့်ခွာ၍ စရေးပါ။ စာပိုဒ် ငါးပိုဒ်စလုံးဘေးမျဉ်းမှ တစ်လက်မခန့်ခွာပြီး ရေးရပါမည်။ သို့မှသာ စာစစ်သူက အပိုဒ်ငါးပိုဒ်ရေးဖြေထားသည်ကို အထင်အရှားတွေ့မြင်မိမှာ ဖြစ်ပါသည်။ စာစီစာကုံးသည် စကားပြေစစ်စစ်ဖြစ်နေရပါမည်။ စကားပြောဟန်ဖြင့် မရေးမိပါစေနှင့်။ စကားပြေဟန်ဖြင့်သာ ရေးရပါမည်။ စကားပြောများပါသော ဝတ္ထု၊ ပြဇာတ်၊ အင်တာဗျူးပုံစံဖြင့်လည်း မရေးရပါ။ စာညွှန့်၊ စာကွန့်၊ နဘောကာရန်တို့ဖြင့် ကဗျာဆန်ဆန် ရေးသားဖို့လည်း မလိုပါ။ စကားပြောဟန်နှင့် စကားပြေဟန် (စာဟန်)တို့ကို ခွဲခြားသိရှိနိုင်ရန် ဥပမာအချို့ကို ဖော်ပြပေးလိုက်သည်။

စာစီစာကုံးသည် မြန်မာစာပေ၏ အညွန့်အဖူး၊ မြန်မာအဖြေလွှာ၏ ဂုဏ်သိက္ခာဖြစ်သည့်အတွက် စာစီစာကုံး၏ သဘောတရားသွင်ပြင်လက္ခဏာကို နားလည်သဘောပေါက်ထားဖို့ လိုပါသည်။ မြန်မာစာဖြေဆိုသည့် ကျောင်းသား၊ ကျောင်းသူတစ်ယောက်အား ဂုဏ်ထူးမှတ်ပေးဖို့၊ ထူးချွန်မှတ်ပေးဖို့ စာစီစာကုံးအဖြေလွှာကိုကြည့်ပြီး စဉ်းစားဆုံးဖြတ်သည်။ ထို့ကြောင့် စာစီစာကုံးသည် အလွန်အရေးပါသော အခန်းကဏ္ဍလည်း ဖြစ်သည်။

တကယ်လို့ (စကားပြောဟန်)၊ အကယ်၍ (စာဟန်)၊ တယ်၊ တာပဲ(စကားပြောဟန်)၊ သည် (စာဟန်)၊ ဒါပေမဲ့ (စကားပြောဟန်)၊ သို့ရာတွင်(စာဟန်)၊ ဒါနဲ့တောင်(စကားပြောဟန်)၊ သို့နှင့်ပင်(စာဟန်)၊ ဒီလိုနဲ့ (စကားပြောဟန်)၊ ဤသို့ဖြင့် (စာဟန်)၊ ပြီးတော့ (စကားပြောဟန်)၊ ထို့နောက် (စာဟန်)

### (၄)သဒ္ဒါနည်း မှန်ပါစေ

စာစီစာကုံးရေးသားရာတွင် အထူးဂရုစိုက်ရမည့်အချက်မှာ ဝါကျများ သဒ္ဒါနည်းမှန်ကန်ဖို့ လိုသည်။ သဒ္ဒါနည်းမှန်မှသာလျှင်ဝါကျ၏ အဓိပ္ပာယ်ဆိုလိုချက် ရှင်းရှင်းလင်းလင်း သိမြင်မည် ဖြစ်သည်။ သဒ္ဒါမှားလျှင် အဓိပ္ပာယ်မရှင်းပါ။ သဒ္ဒါစည်းကမ်းကို လိုက်နာပါမှ အတွေးရှင်း၊ အရေးရှင်းသည့် ဝါကျများ ရေးဖွဲ့နိုင်မည်။ ပုဒ်ထီး၊ ပုဒ်မ၊ ဝိုက်ကွင်း၊ မျက်တောင်အဖွင့်အပိတ်တို့ကိုလည်း သူ့နေရာနှင့်သူ စနစ်တကျ သုံးတတ်၊ ခွဲတတ်ဖို့ လိုပါတယ်။

### (၅)စာလုံးပေါင်းသတ်ပုံမှန်ပါစေ

စာစီစာကုံးတစ်ပုဒ်၏ အလှတရားသည် စာလုံးပေါင်း၊ သတ်ပုံမှန်ကန်မှုအပေါ် မူတည်ပါသည်။ စာလုံးပေါင်းသတ်ပုံမှားသွားပါက ဆိုလိုရင်းအဓိပ္ပာယ်ပါလွဲသွားတော့သည်။ အဓိပ္ပာယ်မှားလျှင် လွဲလျှင် စာစီစာကုံး၏ ပင်ကိုယ်အလှပျက်တော့၏။ ထို့ကြောင့် စာလုံးပေါင်းသတ်ပုံအထူးဂရုစိုက်ဖို့ လိုပါသည်။ မှားတတ်သော သတ်ပုံစာလုံးများကို ကြိုတင်လေ့လာကျက်မှတ်ထားရမည်။ ဆင်တူယိုးမှားစာလုံးပေါင်းများ၊ သံတူကြောင်းကွဲစာလုံးများကို သတိထားပြီး လေ့ကျင့်ထားပါ။

ဥပမာ-အရှုံးဦး၊ အရုံးဦး
ပိုးလောက်လန်း၊ ပိုးလောက်လမ်း
ရက်ကန်း၊ ယက်ကန်း
ကွန်ရက်၊ ကွန်ယက်

### (၆) စာပိုဒ်ငါးပိုဒ်ထက် မပိုစေနှင့်

စာစီစာကုံးမေးခွန်းတွင် ပုံကြမ်းအချက်အလက်ငါးချက်ပေးထားသောကြောင့် စာစီစာကုံးတစ်ပုဒ်လုံး ငါးပိုဒ်ထက်ပိုမရေးမိပါစေနှင့်။ ထို့အတူ ငါးပိုဒ်မပြည့်ဘဲ လေးပိုဒ်လည်း လျှော့မရေးမိပါစေနှင့်။ ပေးထားသည့် ပုံကြမ်းအချက် ငါးချက်နှင့် ကိုက်ညီမှသာ အမှတ်ပြည့်ရမည် ဖြစ်ပါသည်။ နောက်ဆုံးအပိုဒ်သည် နိဂုံးဖြစ်ပြီး မိမိအမြင်ကို ပါဝင်အောင်ရေးပြီး သုံးသပ်တင်ပြကာ နိဂုံးချုပ်နိုင်ရမည်။ ၎င်းအပြင် အမှတ်ပြည့်ရနိုင်သည့် စာစီစာကုံးကောင်းဖြစ်ရန် အဓိကလိုအပ်ချက်မှာ လက်ရေးလက်သား ရှင်းလင်းပီသအောင် ရေးရမည်။ ပီသရှင်းလင်းပြီး လက်ရေးလှလှရေးတတ်လျှင်တော့ ပို၍ကောင်းပါသည်။

လက်ရေးလက်သားလှပြီး သဒ္ဒါနည်းမှန်ဖြင့် ရေးတတ်သော်လည်း စာစီစာကုံးထဲ မရေးသင့်သည့် စကားလုံးများရှိသည်ကို သတိပြုပါ။ ယင်းတို့မှာ အင်္ဂလိပ်စကားလုံး၊ အင်္ဂလိပ်အက္ခရာ၊ အင်္ဂလိပ်ဂဏန်းများ ထည့်မရေးမိပါစေနှင့်၊ ဗန်းစကားများ၊ ဖေ့စ်ဘုတ်ပေါ်မှ စကားလုံး၊ စကားပျက်များ၊ စာပေအဆင်မဝင်သည့် စကားများကို အသုံးမပြုမိပါစေနှင့်။ ထို့အပြင် ပုဂ္ဂိုလ်ရေးထိခိုက်မည့် ဝေဖန်ချက်များကိုလည်း မရေးမိစေဖို့ လမ်းညွှန်မှာကြားချင်သည်။

စာစီစာကုံး၏ သဘောတရား၊ သွင်ပြင်လက္ခဏာသည် နက်ရှိုင်းကျယ်ဝန်းလှသောကြောင့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူတို့အတွက် ဖော်ပြပါအချက်များကို ဆောင်ရန်၊ ရှောင်ရန် မှတ်သားထားလျှင် အမှတ်ပြည့်ရမည့် စာစီစာကုံးကောင်းကောင်းရေးသားဖြေဆိုနိုင်မည် ဖြစ်သည်။

❖ လက်နက်ကိုင်အကြမ်းဖက်မှုများ၏ ဆိုးကျိုးကို လက်တွေ့ခံစားနေရသည်မှာ ဒေသခံတိုင်းရင်းသားပြည်သူများပင်ဖြစ်...

❖ ပျက်စီးဆုံးရှုံးမှုမှန်သမျှမှာလည်း နိုင်ငံတော်၏အရင်းအမြစ်နှင့် အခြေခံအဆောက်အအုံများပင်ဖြစ်...

❖ တိုးတက်ဖွံ့ဖြိုးမှု အရှိန်အဟုန်ရရှိနေသည့် အခြေအနေတွင် ယခုကဲ့သို့ မဆင်မခြင်လုပ်ရပ်များကြောင့် ပျက်စီးဆုံးရှုံးရခြင်းမှာ နိုင်ငံတော်၏ အင်အားကိုလျော့ပါးစေပြီး မူလအခြေအနေပြန်လည်ရောက်ရှိအောင် အကုန်အကျများစွာနှင့် အချိန်ယူတည်ဆောက်ကြရမည်ဖြစ်...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်၏ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ကျရောက်သော (၇၈)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှကောက်နုတ်ချက်)

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်း၍ "Football For Schools" အစီအစဉ်ဖြင့် ပညာရေးဝန်ကြီးဌာနသို့ ဘောလုံးများ လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

ရန်ကုန် မတ် ၆

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA) နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF)တို့ ပူးပေါင်းအကောင်အထည်ဖော်သည့် "Football For Schools Programme" အရ ပညာရေးဝန်ကြီးဌာန အခြေခံပညာ ကျောင်းများအတွက် Adidas ဘောလုံးများ လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို မတ် ၆ ရက် ညနေပိုင်းက နေပြည်တော်ရှိ Hotel Max (Kumudra Grand Ballroom) ၌ ကျင်းပသည်။

စာမျက်နှာ ၇ သို့ ※




မြန်မာ့လက်ရွေးစင်ကစားသမားများနှင့် ကျောင်းသား ကျောင်းသူများ အပျော်တမ်း Mini Football Game ကစားကြစဉ်။

## အရှေ့အလယ်ပိုင်းဒေသတွင်းဆိုင်ရာ သတင်းထုတ်ပြန်ချက်

၁။ အရှေ့အလယ်ပိုင်းဒေသတွင် လတ်တလောဖြစ်ပေါ်လျက်ရှိသည့် တိုက်ခိုက်မှုများအတွက် မြန်မာနိုင်ငံအနေဖြင့် လွန်စွာစိုးရိမ်ပူပန်လျက်ရှိပါသည်။

၂။ ကမ္ဘာ့နိုင်ငံများအနေဖြင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်ကို အခြေခံပြီး အပြုသဘောဆောင်သည့် ဆွေးနွေးမှုနှင့် သံတမန်ရေး ကြိုးပမ်းမှုသည်သာ ပဋိပက္ခကို ဖြေရှင်းနိုင်မည်ဟု ယုံကြည်ပါသည်။

၃။ အရှေ့အလယ်ပိုင်း ပဋိပက္ခနှင့် တိုက်ခိုက်မှုများတွင် ပါဝင်နေသည့် နိုင်ငံများအနေဖြင့် နိုင်ငံတိုင်း၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် နယ်မြေတည်တံ့ခိုင်မြဲမှုကို အပြန်အလှန် လေးစားလိုက်နာရန် လိုအပ်ပြီး ပဋိပက္ခနှင့် တိုက်ခိုက်မှုများကိုလျှော့ချကာ ငြိမ်းချမ်းစွာ ညှိနှိုင်းဆွေးနွေး အဖြေရှာရန် တိုက်တွန်းပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်
၂၀၂၆ ခုနှစ်၊ မတ်လ ၆ ရက်

## ဒဂုံပေါ့အသင်းက ရခိုင်ယူနိုက်တက်အသင်းကို ငါးဂိုး၊ သုံးဂိုးဖြင့် အနိုင်ရရှိ

ရန်ကုန် မတ် ၆

မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၀) အဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၄ နာရီက ဒဂုံပေါ့အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဒဂုံပေါ့အသင်းက ရခိုင်ယူနိုက်တက်အသင်းကို ငါးဂိုး၊ သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယခုပွဲစဉ်တွင် ဒဂုံပေါ့အသင်းသည် ရခိုင်ယူနိုက်တက်အသင်းကို အနိုင်ယူပြီး တန်းမဆင်းရရေး မျှော်လင့်လျက်ရှင်သန်လာခဲ့သည်။ ရခိုင်ယူနိုက်တက်အသင်းမှာမူ ယနေ့ပွဲတွင် အရေးနိမ့်ခဲ့မှုကြောင့် တန်းဆင်းဇုန်အတွင်းသို့ ရောက်ရှိသွားခဲ့သည်။

ဒဂုံပေါ့အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ပွဲစဉ်တွင် AYA Pay Man of the Match အကောင်းဆုံးကစားသမားဆုကို ဒဂုံပေါ့အသင်း တိုက်စစ်မှူး အဲရစ်ကန်တိုနာက ဆွတ်ခူးခဲ့သည်။

မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၀) ယှဉ်ပြိုင်ကစားအပြီးတွင် ဒဂုံပေါ့အသင်းက ရမှတ် ၁၉ မှတ်ဖြင့် အဆင့်(၁၀)နေရာ၊ ရခိုင်ယူနိုက်တက်အသင်းက ရမှတ် ၁၈ မှတ်ဖြင့် အဆင့်(၁၁)နေရာတို့တွင် ရပ်တည်လျက်ရှိသည်။

(NGB)

0-0-0-0-0





## ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ပြင်သစ်ဖလား ဆီမီးဖိုင်နယ်အဆင့်သို့ လန်းစ်အသင်း တက်ရောက်

ပါရီ မတ် ၆

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ပြင်သစ်ဖလား ဆီမီးဖိုင်နယ်အဆင့်သို့ လန်းစ်အသင်းက တက်ရောက်နိုင်ခဲ့သည်။

လန်းစ်အသင်းသည် ပြင်သစ်ဖလား ကွာတားဖိုင်နယ်အဆင့်တွင် လိုင်ယွန်အသင်းကို ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

လန်းစ်အသင်းသည် အသင်းသမိုင်းတစ်လျှောက် ပြင်သစ်ဖလား ချန်ပီယံဆုကို တစ်ရာသီမျှ ရယူထားနိုင်ခဲ့ခြင်းမရှိသေးဘဲ ယခုနှစ်ဘောလုံးရာသီတွင်မှ ချန်ပီယံဆုဆွတ်ခူးရန် ရေပန်းအစားဆုံးအသင်းဖြစ်နေခဲ့သည်။

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ပြင်သစ်ဖလား ဆီမီးဖိုင်နယ်အဆင့်သို့ လန်းစ်၊ တူးလော့စ်၊ စထရာဘော့စ်၊ နိစ် စသည့်အသင်းများ တက်ရောက်နိုင်ခဲ့သည်။

လန်းစ်အသင်းနည်းပြ ပီယဲဆေ့ဂျ်က "အသင်းအနေနဲ့ အခုလို ပြင်သစ်ဖလား ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့လို့ အတိုင်းမသိဂုဏ်ယူမိပါတယ်။ နောက်ထပ်လာမည့် ပွဲစဉ်တိုင်းကိုလည်း အနိုင်ရရှိအောင် ကစားပြီး အသင်းအတွက် ချန်ပီယံဆုကြီး ရယူနိုင်အောင် အစွမ်းကုန် ကြိုးစားသွားမှာပါ"ဟု ပြောသည်။ (NGB)